# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၄၀)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၇-၄-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီလဝါဆိပ်ကမ်းဧရိယာရှိ ခေတ်မီသိုလှောင်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ





ရန်ကုန် ဧပြီ ၂၆

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ရန်ကုန်တိုင်းလျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါက်တာမျိုးသော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဧရိယာရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build-Operate-Transfer, BOT)စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီသိုလှောင်ရုံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Myanma Agricultural & General Development Public Limited (MAGDPL)တို့မှ သီလဝါဆိပ်ကမ်းဧရိယာ အကွက်အမှတ်(၂၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သော ခေတ်မီသိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဦးဆောင် ညွှန်ကြားရေးမှူးက ခေတ်မီသိုလှောင်ရုံ လေးလုံး အနက် ပေ(၅၅၀ x ၁၅၀ x ၃၄) အရွယ်ရှိ တန်ချိန် ၂၅၀၀၀ သိုလှောင်နိုင်သည့် သိုလှောင်ရုံတစ်လုံး တည်ဆောက်ခြင်း၊ နောက်ခံမြေတွင် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံ၏ အဓိကလယ်ယာထွက် ပို့ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် သိုလှောင်တင်ပို့နိုင်ရေးအတွက် စီမံထားသည့်အတိုင်း အပိုင်းလိုက် ဆက်လက်တည်ဆောက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Myanmar International Terminal Thilawa (MITT) ဆိပ်ကမ်းတံတားသို့ ရောက်ရှိစစ်ဆေးပြီး MITT အစည်းအဝေးခန်းမတွင် သီလဝါဆိပ်ကမ်းဧရိယာရှိBOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူးက ဆိပ်ကမ်း လုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ BOT ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများက လက်ရှိ ဆိပ်ကမ်း ဝန်ဆောင်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် တည်ဆောက်ရန် ကျန်ရှိသည့် BOT ဆိပ်ကမ်း တံတားများမှ ၎င်းတို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နှစ်စဉ်ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ပျမ်းမျှ ၇၀ ရာနှုန်းရှိသဖြင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှု၏ အဓိက ဝင်/ထွက်ပေါက်ဖြစ်သော ရန်ကုန်နှင့် သီလဝါဧရိယာရှိဆိပ်ကမ်းတံတားများအပါအဝင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ ရန်ကုန်ဆိပ်ကမ်း၏ ကုန်ကိုင်တွယ်ရရှိမှုပမာဏကို မြှင့်တင်နိုင်ရန် ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းအပြင် နိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီဝင်အနေအထားကို အကျိုးရှိစွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်များကိုပါ သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်း-ရေနှစ်သွယ် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်လိုကြောင်း၊ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း(Transshipment) ဝန်ဆောင်မှုနှင့် နိုင်ငံဖြတ်သန်း ကုန်သွယ်မှု (Transit Trade) ဝန်ဆောင်မှုများကိုပေးနိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ဆိပ်ကမ်းတံတားများကို ဆက်လက်တိုးချဲ့ တည်ဆောက်လုပ်ကိုင်ကြရန်လိုအပ်ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက်လည်း စက်သုံးဆီ တံတားများနှင့် သိုလှောင်ကန်များကို မြေနေရာချထားပေးပြီးဖြစ်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ဆက်လက်ရင်းနှီးမြှုပ်နှံ တည်ဆောက်လုပ်ကိုင်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းစွမ်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် အသွင်ကူးပြောင်း ဆောင်ရွက်ကြရန်၊ စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဆိုလာစနစ်ကို အစားထိုး သုံးစွဲကြရန်နှင့် ဘက်ထရီစနစ်သုံး ကုန်ကိုင်တွယ်စက်ကိရိယာများနှင့် ယာဉ်များကို ပြောင်းလဲ အသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။(ဓါတ်ပုံ)

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းရှိ 1500 BHP Harbour Tug တွန်းဆွဲရေယာဉ်အသစ် တစ်စင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာအညွှန်း**

ဧပြီလအတွက် စပိန်လာလီဂါ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ယာမဲလ် ဆွတ်ခူး

စာမျက်နှာ ၁၁

မြန်မာတို့၏ နေ့ထူးနေ့မြတ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)နှင့် ညောင်ရေသွန်းပွဲတော် အစဉ်အလာ (ဆောင်းပါး)

စာမျက်နှာ ၁၄

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္ဂနွေနေ့။

## အခြေခံဆေးဝါးများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပြည်သူများအတွက် လိုအပ်သောအခြေခံဆေးဝါးများကို နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်၏ ရုံးလုပ်ငန်းတာဝန်များ၊ ကုန်ကြမ်းနှင့်စက်အရန်ပစ္စည်း ဝယ်ယူရေးကိစ္စရပ်များ၊ စက်ရုံများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်ထုတ်မှုဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို စနစ်များတည်ဆောက်၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများဝယ်ယူမည့်အစီအစဉ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်တို့ကို စနစ်တကျရေးဆွဲ၍ တာဝန်ခံဆောင်ရွက်မည့်သူကိုလည်း သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မေ ၂၅ ရက် နံနက်ပိုင်းတွင် ရုံးအမှတ်(၃၇)၌ မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ မှာကြားသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ယခုဘဏ္ဍာရေးနှစ်တွင် ပြည်သူများလိုအပ်သည့် အခြေခံဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေ၊ အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ ပြန်လည်ဖွဲ့စည်းမှုကို အချိန်မီတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ အချိန်ဇယားများရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဆက်လက်ပြောကြားရာတွင် ယခင်ဝယ်ယူရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ အချက်အလက်များကို ပြန်လည်သုံးသပ်စိစစ်၍ အားနည်းချက်များ လျော့နည်းပပျောက်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းဝယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဈေးနှုန်းမှန်ကန်စွာ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများရရှိရေးအတွက် ယှဉ်ပြိုင်မှုမြင့်မားရေး၊ အားလုံးပါဝင်နိုင်ရေးတို့အတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝယ်ယူရေးလုပ်ငန်းစဉ်များအား ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းတာဝန်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ (SOP)ရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် လိုအပ်သော အခြေခံဆေးဝါးများကို နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းတာဝန်များအလိုက် စီမံဆောင်ရွက်ရာတွင်လည်း အရည်အသွေးစီမံခန့်ခွဲမှုစနစ်တွင်ပါရှိသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပမည်

**စဉ့်ကိုင် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာရှိ မဟာသစ္စာဗောဓိစေတီတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)မေ ၃၀ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဖွန်ဝမ်းစတားတာယာရောင်းဝယ်ရေး)ထံမှ သိရသည်။

အဆိုပါ မဟာသစ္စာဗောဓိစေတီတော်မြတ်ကြီးအား နံနက် ၆နာရီတွင် တိုက်အုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြမည်ဖြစ်ပြီး တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ်အဖြစ် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူကြမည်ဖြစ်သည်။

အဆိုပါ ရိပ်သာအတွင်းရှိ မဟာဗောဓိညောင်ပင်ကြီးအား ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညနေ ၅ နာရီတွင် သံဃာတော်များ၊ ဂေါပကအဖွဲ့များနှင့် အလှူရှင်များက ကဆုန်ညောင်ရေသွန်းလောင်းကြမည်ဖြစ်ရာ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲသို့ ဂေါပကအဖွဲ့ဝင်များ၊ ရိပ်သာအကျိုးတော်ဆောင်များ၊ အလှူရှင်များကြွရောက်ကြပါရန် အခမ်းအနားကျင်းပရေးအဖွဲ့မှ နှိုးဆော်ထားကြောင်း သိရသည်။

(ဝ၅၃)

၀-၀-၀-၀-၀

၀-၀-၀-၀

## တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ

**မြစ်သား မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများတိုက်ရိုက်ဖြန့်ဖြူးရောင်းချခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စုစုဓာတ်မြေဩဇာရောင်းချရေးကုမ္ပဏီတို့ ပူးပေါင်း၍ မေ ၂၅ ရက် မွန်းလွဲ ၃ နာရီက စိုက်ပျိုးရေးဦးစီးဌာန ပိုင် ဂိုထောင်အတွင်း၌ တောင်သူများအား ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲ ပြုလုပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းဖြင့် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ နွေသီးနှံစိုက်ပျိုးသည့် တောင်သူများကို သွင်းအားစု ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာ အသုံးပြုနိုင်စေရန်၊ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ဒုတိယအကြိမ်မြောက် 'အလှရှာပုံတော်'အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး မေ ၂၆**

ပန်းချီဆရာ အောင်စည်သူလှိုင်၏ ဒုတိယအကြိမ်မြောက် 'အလှရှာပုံတော်'အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ GARDEN CITY ရှိ သီရိပစ္စယာအနုပညာပြခန်း၌ ဖွင့်လှစ်ပြသခဲ့သည်။



အဆိုပါ ပြပွဲတွင် ဆရာအောင်စည်သူလှိုင်မှ ရန်ကုန်၊ မန္တလေး၊ ရှာင်၊ အင်းလေး၊ မင်းကွန်း၊ ပုဂံအစရှိသည့် ဒေသများမှ အလှတရားများကို ရှာဖွေဖော်ထုတ်ထားပြီး လှ့ခန္ဓာကိုယ်ကောက်ကြောင်းအလှများ ဖော်ထုတ်ဖန်တီးထားသော အခရိုင်းလစ်ပန်းချီကားပေါင်း ၆၂ ကားကို ပြသထားသည်။ ပြပွဲကို မေ ၂၆ ရက် မှ မေ ၃ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(ဓပုံ)

**ကျော်မင်းသော်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ဥတ္တရသီရိ မေ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အောင်သုခကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အောင်သုခကျေးရွာ၌ ကျင်းပသည်။


ရှေးဦးစွာ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းကို မိတ်ဆက်ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အဆိုပါ အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ကဏ္ဍာအလိုက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)

**အောင်ရဲကျော်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၇)မျိုး ရောင်းချပေးမည်

နေပြည်တော် ဧပြီ ၂၆

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် သာသနာရေးဝန်ကြီးဌာနမှ အတည်ပြုထားသည့် ဓာတ်ပုံဒီဇိုင်း ဦးအောင်ဇော်မြတ်(ကျော့သီသ) ဒီဇိုင်းရေးဆွဲထားသော (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၇)မျိုးကို ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ နံနက် ၉ နာရီခွဲမှစတင်၍ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာမင်္ဂလာအခမ်းအနား၏ အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်နှင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့တွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

**နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်**

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဧပြီ ၃၀ ရက် တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


သတင်းစဉ်



















# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဝန်ကြီးဌာနမှ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့်အတူ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတွင် ပါဠိ/ မြန်မာ/ ရှမ်း/ အင်္ဂလိပ်စာသားများ ရေးသားထွင်းထုပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရေရှည်တည်တံ့စွာ ထိန်းသိမ်းသွားရန်၊ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ပြီး စည်တော်စင်ဆောက်လုပ်ထားရှိရာနေရာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်၊ ကျမ်းစာအုပ် အရောင်းဆိုင်နှင့် ပိဋကသုံးပုံ တင်ဆောင်မည့် ဆင်တက်လှေကား တပ်ဆင်ထားရှိမှုနှင့် ဆဋ္ဌသင်္ဂါယနာမော်ကွန်း ပြတိုက် လက်ယာဘက်အဝင် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏အလယ် သံဃာစင်အတွင်း ဆရာတော်ကြီးများ သီတင်းသုံးမည့် ကနုတ်ခုံများ



ခင်းကျင်းထားရှိမှု ဆဋ္ဌသင်္ဂါယနာအမေးအဖြေ သံဃာစင်ပြုလုပ်ထားမှု၊ အလယ်သံဃာစင်ထိပ်ရှိ ဘုရားကျောင်းဆောင် ခင်းကျင်းထားရှိမှု၊ သဝဏ်လွှာနှင့် စာတမ်းဖတ်စင်များ၊ အခမ်းအနားမှူးစင်များနှင့် အခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားဖွင့် စက်ခလုတ်နှိပ်မည့် နေရာခင်းကျင်းမှု၊ ပြကွက် ၁၁ ခု ခင်းကျင်းထားရှိမည့်နေရာတစ်လျှောက်တွင် Light Box များ တပ်ဆင်ခြင်း၊ ထည့်သွင်းပြသမည့်ပုံများ၊ LED Board များ၊ ကော်ဇောခင်းခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပိဋကပြတိုက်အတွင်းရှိ ဘဲဥပုံစံ ရေကန်ဆေးသုတ်ခြင်း၊ ရေလဲလှယ်ခြင်းများ၊ ပိဋကတ်ပြတိုက် လက်ဝဲ/လက်ယာဘက်ခြမ်းရှိ မော်ကွန်းကျောက်စာ ရှင်းလင်းထားရှိမှုအခြေအနေများနှင့် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်အတွင်း ရှေးဟောင်းဘုရားများဖူးမြော်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် ဖွားဖက်တော်များဖြစ်သော ဥတ္တရကုရု ကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်တို့သို့ ရောက်ရှိပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်လာမည့်ဆရာတော်ကြီးများ သီတင်းသုံးမည့် အခြေအနေကို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြသရာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေး သံဃာ့ဆေးရုံကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ ဆရာတော်ကြီးများ အရေးပေါ်ဆေးကုသမှုပြုနိုင်ရေးအတွက် ဆေးရုံအတွင်း/အပြင် သန့်ရှင်းစေရေး၊ သိမ်တော်ကြီးအတွင်း သန့်ရှင်းစေရေးတို့ကို မှာကြားသည်။

ယင်းနောက် ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ ရောက်ရှိပြီး ကျမ်းစာအုပ်များ၊ တရားစာအုပ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သာသနာတော်အတွက် အကျိုးပြုကျမ်းစာအုပ်များ အချိန်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာသိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်း ငှက်များ ဝင်ရောက်ခြင်းမရှိစေရန်၊ ခိုချေးများ ကင်းရှင်းစေရေးအတွက် အမြဲမပြတ်သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး ကမ္ဘာအေး စာပုံနှိပ်တိုက်သို့ရောက်ရှိကာ ကျမ်းစာအုပ်များ၊ တရားစာအုပ်များ၊ အန္တရာယ်ကင်းဘုရား ရှိခိုးစာအုပ်များ စသည်တို့ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဘာသာသာသနာအတွက် အကျိုးပြုကျမ်းစာအုပ်များ အချိန်မီရိုက်နှိပ်ထုတ်ဝေနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပသည့် နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂၆

အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ "နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ"ကို ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ဧပြီ ၂၄ ရက်တွင် ကျင်းပခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




## တက်ရောက်

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ဘေးကင်း၍ လုံခြုံစိတ်ချရပြီး စည်းကမ်းတကျဖြစ်သော အလုပ်သမားရွှေ့ပြောင်းသွားလာမှုကို တိုးမြှင့်ရန်နှင့် အလုပ်သမားများအနေဖြင့် တရားမျှတသောလုပ်သားစုဆောင်းမှု၊ အလုပ်အကိုင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ရရှိစေရန်၊ အကျပ်အတည်းများ၊ ဘေးအန္တရာယ်များနှင့် ရာသီဥတုဒဏ်ခံရသော အခြေအနေများအပါအဝင် ရွှေ့ပြောင်းသွားလာမှု လမ်းကြောင်းများတစ်လျှောက် အန္တရာယ်များကို လျှော့ချရန်၊ ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်း၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ လွှဲပြောင်းသုံးစွဲနိုင်ခြင်းနှင့် ရွှေ့ပြောင်းသွားလာမှုစည်းမျဉ်းများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများကို ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှကိုယ်စားလှယ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားရွှေ့ပြောင်းသွားလာမှုနှင့် အကာအကွယ်ပေးမှုအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများအပါအဝင် မိတ်ဖက်ဆောင်ရွက်မှုကဏ္ဍ၊ အလုပ်သမားရွှေ့ပြောင်းသွားလာမှုနှင့် အကာအကွယ်ပေးမှုကဏ္ဍ၊ အကျပ်အတည်း၊ ရာသီဥတုနှင့် ကျန်းမာရေးကဏ္ဍ သုံးရပ်တို့ကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကာလရှည်ကြာစွာ ဒေသတွင်းမိတ်ဖက်နိုင်ငံများအဖြစ် ရှိနေကြသော်လည်း ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ နည်းပညာပိုင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ၊ အတွေ့အကြုံဖလှယ်မှုများတွင် ကွာဟချက်များကျန်ရှိနေမှုအပေါ် ဆက်စပ်အကောင်အထည်ဖော်နိုင်ရေး ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ နည်းပညာပိုင်းဆိုင်ရာထိတွေ့မှုများနှင့် အတွေ့အကြုံဖလှယ်မှုများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အရှေ့တောင်အာရှ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်သမားရွှေ့ပြောင်းသွားလာမှု၏ အရေးပါပုံနှင့် အာဆီယံအနေဖြင့် ဘေးကင်းပြီး ပုံမှန်ဖြစ်သော အလုပ်သမား ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို တိုးမြှင့်ခြင်းအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များ၊ ကျင့်ဝတ်နှင့်ညီသည့် အလုပ်သမားစုဆောင်းမှုနှင့် နေရပ်ပြန်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည့်အစီအမံများ၊ ဒစ်ဂျစ်တယ်အသုံးပြုရသော အလုပ်အကိုင်ပုံစံသစ်များ၏စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ အထူးသဖြင့် အိမ်တွင်းအထောက်အကူပြု အလုပ်သမားများအား သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်း၊ ကလေးသူငယ်စောင့်ရှောက်မှုလုပ်ငန်း၊ အစားအသောက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုများကို အသိအမှတ်ပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ သင်တန်းများ ပို့ချခြင်း အပါအဝင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုမြှင့်တင်အကောင်အထည်ဖော်နိုင်ရေး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာခြင်းကို ဒေသတွင်းစီးပွားရေးနှင့် ချိတ်ဆက်ပြီး ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် စေလွှတ်နိုင်ငံနှင့် လက်ခံနိုင်ငံများအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ရောက်ရှိခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုများ၊ လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကျရောက်မှုကြောင့် နေရပ်စွန့်ခွာမှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု စသည်တို့အပေါ် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် သာဓကများ၊ ရရှိခဲ့သည့်သင်ခန်းစာများကို မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲကာလအတွင်း အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလုပ်သမားရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအပေါ် ILO စုံစမ်းစစ်ဆေးရေးကော်မရှင်၏အကြံပြုတိုက်တွန်းချက်များကို မြန်မာနိုင်ငံမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေ မှတ်တမ်းစာအုပ်များ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့နှင့် သီးခြားစီတွေ့ဆုံ၍ ဆောင်ရွက်ဆဲနှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

လဲချား ဧပြီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် အစိုးရသစ်ကာလ အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ရှေးရှု၍ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက် ၁၀ နာရီက ပုံတိုက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စာရေးနှင့် ရပ်မိရပ်ဖများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ၄င်းရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိစေရေး ဆောင်ရွက်ပေးနေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်နိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ-တရုတ် ရင်းနှီးမြုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်းမှ အဖွဲ့ဝင်များက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန် - မန္တလေး အမြန်လမ်းရှိ ဒုဋ္ဌဝတီတံတား အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် လမ်း ၊ တံတားများ ပြုပြင်ဆောင်ရွက်နေသည့်အခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေး အမြန်လမ်း၏ မိုင်တိုင်အမှတ် (၃၆၆/၃)မှ (၃၆၁/၃) အကြားရှိ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းများ ပြန်လည်ပြုပြင်ပြီးစီး၍ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေ၊ လမ်းဘေးဝဲ/ယာ မြေသားအမာခံရရှိရေး ဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၆၀/၀)ရှိ မြစ်ဆွတ်ချောင်း တံတားသို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျှင်စွာပြီးစီးစေရေးအတွက် လုပ်ငန်းလိုအပ်ချက်များကိုမေးမြန်းဆွေးနွေး၍ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတား(၁၀၀၀ ပေ)အသစ် ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးမြို့သို့တိုက်ရိုက်သွားလာနိုင်ရန်အတွက် ဒုဋ္ဌဝတီတံတား တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်း၊ လျှောင်ဒဏ်ကြောင့် တံတားပြိုကျပျက်စီး၍ လမ်းပန်းဆက်သွယ်မှုပြတ်တောက်နေသဖြင့် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့်ပတ်၍ မန္တလေးမြို့သို့ သွားလာနေရသောကြောင့် လေးလမ်းသွားတံတားဆောင်ရွက်နေခြင်းတွင် အပြန်လမ်းဘက်မှ နှစ်လမ်းသွားတံတားကို ၂၀၁၆ ခုနှစ်ကုန်မတိုင်မီ ပြီးစီးအောင်တွန်းအားပေးဆောင်ရွက်၍ လမ်းပန်းဆက်သွယ်မှုရရှိအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တံတားတည်ရှိသည့်နေရာသည် ပြင်းထန်သည့်လှုပ်ခါမှုကြောင့် အစိုင်အခဲမှ ရွှံ့ညွန်ကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်းဖြစ်စဉ်(liquefaction)ဖြစ်နိုင်ခြေများသော မြေအမျိုးအစားဖြစ်သောကြောင့် လိုအပ်သည့်တွက်ချက်မှုများ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တံတားပြီးစီးသည်နှင့် တစ်ပြိုင်တည်း ရန်ကုန်မှမန္တလေးသို့ အမြန်လမ်းအတိုင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် လမ်းတစ်လျှောက်ရှိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဟန်ချက်ညီစွာ ပြီးစီးစေရေး လမ်းပိုင်းအလိုက်တာဝန်ခံများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားကာ လုပ်ငန်းခွင်အတွင်း အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) မိုင်တိုင်အမှတ်(၃၅၅/၀)ရှိ ယုဇနတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အသေးစိတ် ဆွေးနွေးမေးမြန်းပြီး လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။ ယခုတည်ဆောက်နေသော ယုဇနတံတားသည် အရှည်ပေ ၂၂၀ ရှိပြီး၊ အကျယ် ၂၇ ပေ ရှိသော နှစ်လမ်းသွားတံတားဖြစ်၍ ၂၀၂၅ ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ လမ်းတစ်လျှောက်တွင် အမာခံလမ်းပခုံးများ ဆောင်ရွက်ပြီးစီးသည့်အခြေအနေ၊ လမ်းအင်္ဂါရပ်နှင့်ကိုက်ညီစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သာကေတ(သွားနှင့်ခံတွင်းအထူးကုဆေးရုံ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၂၆

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတ(သွားနှင့် ခံတွင်း အထူးကုဆေးရုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတ (သွားနှင့်ခံတွင်း အထူးကုဆေးရုံ)တွင် ပိတ်ရက်မရှိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တိုက်ရိုက်အကျိုးခံစားခွင့် ရရှိအောင် ဆောင်ရွက်ပေးနေသည့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးကုသခန်းများ၊ သွားတုပြုလုပ်သည့်ဌာနများနှင့် ခွဲစိတ်ခန်းများ၊ Digital Dentistry လုပ်ငန်း ဆောင်ရွက်နေမှုများ၊ သာကေတ အထူးကုဆေးရုံတွင် အရေးပေါ်ဆေးကုသမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ သာကေတ၊ ဒေသန္တရ ကျန်းမာရေးဌာန၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက မျှော်မှန်းလူ့သက်တမ်း တိုးမြှင့်လာစေရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု(UHC)ရရှိရေး မြို့နယ်အတွင်း ဆောက်ရွက်လျက် ရှိသည့် ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ဆေးကုသမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုတိုက်ရိုက်အကျိုးကျေးဇူး ရရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် နိုင်ငံတော်က လစာအပြင် ထပ်ဆောင်းချီးမြှင့်ငွေများ ထောက်ပံ့ပေးနေမှု၊ ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံသစ်အား စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ပြီးစီးသည့် တိုးချဲ့ နှစ်ထပ်ဆေးကုသဆောင်သစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မိတ္ထီလာ ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်က ပြည်သာယာတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ဆောင်ရွက်ပေးလျက်ရှိရာမှ မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၄)ခုနှင့် ကျေးရွာအုပ်စု(၂၅)အုပ်စုတို့မှ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၅၀၀ ဦးနှင့် အသက် ၁၈ နှစ်အထက် ၂၈၀ ဦးတို့အား ဆောင်ရွက်သွားရန် သတ်မှတ်လျာထားပြီး ဧပြီ ၂၀ ရက်မှ စတင်၍ ဇူလိုင် ၃၀ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့်အတူ UID CARD များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၆၉)

# မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်လှစ်ပွဲနှင့် မော်ကွန်းတင်ကမ္ပည်းထိုးခြင်းအခမ်းအနား ကျင်းပ







**မန္တလေး မေ ၂၆**

မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်လှစ်ပွဲနှင့် မော်ကွန်းတင်ကမ္ပည်းထိုးခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၊ ချွမ်ယုကုန်သည်များအသင်းချုပ်မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တရုတ်ရိုးရာခြင်္သေ့အကဖြင့် ကပြတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုလို ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသနှစ်ခုအကြား အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်တော့မည်ဟု မျှော်လင့်ပါကြောင်းနှင့် အပြန်အလှန်အကျိုးရှိစေသော ဖွံ့ဖြိုးတိုးတက်မှုများကို အတူတကွ ရရှိနိုင်တော့မည်ဖြစ်ပါကြောင်းနှင့် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားခဲ့သည်။

ငင်းနောက် မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်း၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရှိ စီချွမ်းနှင့် ချုံချင့်ဒေသခံများအကြား အတွေ့အကြုံ အပြန်အလှန် ဖလှယ်နိုင်စေမည့် ပလက်ဖောင်းတစ်ခု တည်ဆောက်ရန်၊ စည်းလုံးညီညွတ်စေရန်နှင့် သမဝါယမဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်းကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် ဖွင့်ပွဲအမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မန္တလေး စီချွမ်းနှင့် ချုံချင့်ကုန်သည်ကြီးများအသင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာဖွင့်လှစ်ခြင်းကို LED Touch Screen အား အတူတကွ နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း၊ အထိမ်းအမှတ် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပြည်ပသို့တင်ပို့နိုင်ရန် မြန်မာ့စိန်တလုံး သရက်သီးများကို ဈေးကောင်းပေးဝယ်ယူနေ

**မန္တလေး မေ ၂၆**

ပြည်ပသို့တင်ပို့နိုင်ရန် ပို့ကုန်အရည်အသွေးရှိသော မြန်မာ့ စိန်တလုံးသရက်သီးများကို ဈေးကောင်းပေးဝယ်ယူသွားမည်ဖြစ်ကြောင်း သဇင်နွယ်သရက်ခြံမှ သိရသည်။

လက်ရှိ သရက်သီးရာသီစတင်ချိန်မှစ၍ စိန်တလုံး အိတ်စွပ်နှင့် အိတ်လွတ်သရက်သီးများကို သဇင်နွယ်သရက်ခြံတွင် ဝယ်ယူသွားမည်ဖြစ်ရာ ရောင်းချလိုသော သရက်တောင်သူများအနေဖြင့် ခြံမန်နေဂျာဦးဌေးအောင် ဖုန်း ၀၉-၄၃၁၁၇၄၁၇ သဇင်နွယ်သရက်ခြံ ဆည်ရွာဇရပ်ပေါက် ပလိပ်မြို့ စဉ့်ကိုင်မြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ယခုနှစ် စိန်တလုံးသရက်သီးရာသီတွင် အသီးအထွက်နှုန်းကောင်းသောကြောင့် အသီးထွက်ရှိသည့်ခြံများနှင့် အိတ်စွပ်သီးများမှာ ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသည်။

လက်ရှိအချိန်တွင် အရည်အသွေးကောင်း အိတ်စွပ် စိန်တလုံးသရက်သီး S ဆိုဒ် တစ်တန်လျှင် ငွေကျပ် ၁၈သိန်း၊ M ဆိုဒ် ၂၂သိန်း၊ L ဆိုဒ် ၂၅သိန်း၊ XLဆိုဒ် ၂၈ သိန်းခန့် ပေါက်ဈေးဖြင့် ဝယ်ယူလျက်ရှိနေကြောင်း သိရသည်။

ယခင်နှစ်က စိန်တလုံးသရက်သီးတစ်တန်လျှင် အရည်အသွေး၊ အရွယ်အစားအလိုက် ငွေကျပ် ၁၅ သိန်းမှ ၂၂ သိန်းအထိ ပေါက်ဈေးရှိခဲ့ရာ ယခုနှစ်ပေါက်ဈေးမှာ တစ်တန်လျှင် ငွေကျပ် လေးသိန်းခန့်မြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀



## စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**စဉ့်ကူး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စွာဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား တစ်ဦးချင်းရောဂါဖြစ်ပွားခဲ့မှုအခြေအနေများကို မေးမြန်း၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် စစ်ဗျူဟာမှူးသည် စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ အလှူငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းဦးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀



## သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းဆောင်ရွက်

**ကျွန်းလှ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်းလှမြို့နယ် အတွင်းမှာရှိတဲ့သက်ကြီးဘိုးဘွား ၇၀ ဦးအား သွေးပေါင်ချိန်ခြင်း၊ ဆီးချိုနှင့် သွေးချိုစစ်ဆေးပေးခြင်းများကို အပတ်စဉ် သောကြာနေ့တိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ပေးလျက်ရှိပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်တိုးချဲ့ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**အသက်သည် သွေး၊ သွေးသည် အသက်။**

# တစ်ခါက ရေတံခွန်တောင်

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

မြန်မာတို့ရဲ့ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ပြီးသွားပြန်တော့ ယခု ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို မျှော်ရပြန်ပြီ။ **'သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဒ္ဒင်းတော်ခံ'**ဟူသော စာဆိုအတိုင်း ညောင်ရေသွန်းပွဲတော် ကျင်းပရာ လထူး လမြတ်သည် ကဆုန်လ ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသလက္ခဏာများ ဖြင့် ပြည့်စုံလှသည်။ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဟူသော စကားနဲ့အညီ နေ့ထူးနေ့မြတ် ဖြစ်သည်။

ဒါလေးတွေက နိဒါန်းပါနော်။ ကျွန်တော် ပြောချင်တဲ့ အကြောင်းအရာက ကျွန်တော် အသက် ၂၀ အရွယ်က ရေတံခွန် တောင်ကို နွားလှည်းငှားပြီး သူငယ်ချင်းတွေနဲ့ စုပြီးသွားတဲ့ အကြောင်းအရာလေးပါ။ ငယ်မူပြန်တာပေါ့။ ကျွန်တော်တို့ သူငယ် ချင်းတစ်တွေ သင်္ကြန်ပြီးတာနဲ့ ကဆုန်လပြည့်နေ့ ရေတံခွန်တောင်ကို သွားဖို့ တာစူနေကြပြီ။ သူငယ်ချင်းသုံးယောက်က ဦးဆောင်၍ လိုက်ပါကြမယ့်သူတွေကို စည်းရုံးပြီး လိုက်ပါလိုလျှင် ထည့်ရမယ့် ငွေကြေးကိုလည်း ပြောပြထားရပါတယ်။ ဒါကလည်း ရပ်ကွက် ထဲက စိတ်တူ ကိုယ်တူ သူငယ်ချင်းတွေပါ။

တခြားရပ်ကွက်က လိုက်မယ့်သူငယ်ချင်းတွေလည်း ရှိပါ တယ်။ မိန်းကလေးတွေ မခေါ်ပါ။ ယောကျ်ားလေးများသာ လက်ခံ ပါသည်။ ပိုက်ဆံကိုလည်း ကဆုန်လပြည့်နေ့မတိုင်ခင် တစ်ပတ် အလိုထိပဲ လက်ခံကာ လူကတော့ တစ်ဆယ့်နှစ်ယောက်ပါ။ လှည်း သမားနှင့် အသံချဲ့စက်ဆရာရောဆိုရင် တစ်ဆယ့်လေးယောက်ပါ။ လူတစ်ဦးကို သုံးဆယ်ကျပ်ဖြင့် လိုက်ပါနိုင်ရန် စီစဉ်ထားပါသည်။

တခြားရပ်ကွက်မှလည်း လှည်းများထွက်မည်ဖြစ်သဖြင့် သူတို့ ကောက်ခံမည့်ငွေကြေးကိုလည်း စုံစမ်းရသည်။ လိုက်ပါမည့်သူက ဘယ်နှယောက်၊ ဘယ်သူ့နွားလှည်းကို ငှားမှာလဲ၊ အသံချဲ့စက် ကရော ဘယ်သူ့စက်ကို ငှားမှာလဲ၊ ဈေးကဘယ်လောက်ရှိလဲ ဒါတွေကအစ အသေးစိတ်လိုက်စုံစမ်းရပါတယ်။ နောက်ကျသွားရင် သူများတွေက ဦးစွာ ငှားသွားမှာစိုးလို့ပါ။

ဦးဆောင်ကြတဲ့ သူငယ်ချင်းသုံးယောက်ကတော့ 'ဇော်ဝင်း ရယ်၊ ထွေးအောင်နဲ့ နိုင်စမ်းရေ'ပေါ့။ စာရင်းပိတ်သွားလို့ ပိုက်ဆံ အကုန်ရသွားပြီဆိုရင် ပထမဆုံးလှည်းဆရာ ကိုဖိုးတုတ်ကို စရန်ငွေ ၃၀ ကျပ် အရင်ပေးလိုက်ပါတယ်။ လှည်းငှားခ ၆၀ ကျပ် မို့လို့ပါ။ လှည်းဆရာက မဟာဗေယျာဘုံရပ်က လှည်းဆရာပါ။ နောက်တစ်ခါ အသံချဲ့စက်ငှားခက ၄၅ ကျပ်တဲ့။ ဘူးကုန်းရွာထဲက ကိုစိန်ညွန့် စက်ပါ။ စရန်ငွေ ၂၅ ကျပ်ပေါ့။ အဲ့ဒီနှစ်ခုတော့ စရန်ငွေပေးပြီး သွားပြီဆိုရင်တော့ ပိုတဲ့ ပိုက်ဆံကို ဆန်ဝယ်ရမယ်။ ဟင်းက ဆိတ်သားနှပ်မယ်ဗျာ။ နောက်ပြီး ကုလားပဲနှပ်၊ ငရုတ်သီးကြော် နဲ့ သရက်ချဉ်သုပ်မယ်ဗျာ။

နောက်တစ်ခုက ကိုယ့်ချစ်သူ ရည်းစားကောင်မလေးကိုလည်း ကြိုပြီးချိန်းထားတော့ ပျော်စရာကြီးပေါ့။ ရေတံခွန်တောင်မှာ ဆုံတွေ့ကြမယ်ပေါ့။ ကျန်တဲ့ သူငယ်ချင်းတွေကလည်း သူ့အတွဲ နဲ့သူပေါ့။ အဖိတ်နေ့ညကို အသံချဲ့စက်ဆရာနဲ့ လှည်းဆရာကို ကျွန်တော်တို့ရဲ့ တည်နေရာ ဒေါနဘွားရပ်ကွက်ရုံးရှေ့ ယခု ဈေးသစ်နေရာ အကွက်(၇)တောင်ဒွါလောင်းရပ်ကွက်မှာပါ။ အသံချဲ့ စက်ဆရာနှင့် လှည်းဆရာကို ကျွန်တော်တို့နှင့် ညအိပ်စေပါသည်။

ဟိုအရင်တုန်းကတော့ ရပ်ကွက်ရုံးရှေ့က အားကစားကွင်းပါ။ နောင်ကျမှ အစိုးရက ဈေးအသစ်ဆောက်တာပါ။ အဖိတ်နေ့မှာ ဈေးထဲကိုသွားပြီး ဆန်နှစ်ပြည်၊ ဆိတ်သားသုံးပိဿာ၊ ကုလားပဲဆန် ငါးဆယ်သား၊ ငရုတ်သီးအစိတ်သား၊ သရက်ချဉ်ငါးဆယ်သားကို စားဖိုမှူး(၄၆)ရပ်ကွက်ထဲက သူငယ်ချင်း ဇော်ဝင်းက သူလိုချင်တဲ့ ပစ္စည်းအမျိုးအစားတွေကို စိတ်တိုင်းကျလိုက်ဝယ်ပါတယ်။ ဆီနှင့် ဆိတ်သားနှပ်အတွက် လိုတာတွေကိုတော့ ညနေဈေးသိမ်းခါနီးမှ ဝယ်လိုက်ပါတယ်။ သူငယ်ချင်း ထွေးအောင်က အသောက်တစ် လိုင်း၊ နိုင်စမ်းရေကတော့ အစားတစ်လိုင်း၊ သူ့လိုင်းနဲ့သူပေါ့။

ည ၇ နာရီတွင် လှည်းဆရာ ကိုဖိုးတုတ်မှ နွားလှည်းကို ပေါင်းမိုးတပ်လျက် ရောက်လာပြီး အသံချဲ့စက်သွားတင်ကြပါတယ်။ ပြန်လာပြီးလျှင် နွားများကို ချွတ်ကာ အနားယူစေပါသည်။ ထမင်း က ရပ်ကွက်ထဲတင် ချက်တာဆိုတော့ အမေနဲ့ အစ်မတွေ ဝိုင်းကူ ကြက်သွန်နွှာသူနှင့် ခရမ်းချဉ်သီးလှီးပေးမယ့်သူတွေနဲ့ဆိုတော့ အဆင် ကို ပြေလို့။ အရင်ဆုံး ဆိတ်သားနှပ်ပါတယ်။ ပြီးမှ ကုလားပဲနှပ်ပါ တယ်။ ငရုတ်သီးနဲ့ ငါးပိကြော်ပါတယ်။ သရက်ချဉ်ကတော့ ရေတံခွန် တောင်ရောက်မှ စားခါနီးမှ သုပ်ပါမယ်။ ထမင်းကတော့ နောက်ဆုံး မှ ချက်မယ်ဗျာ။

တစ်ညလုံးလည်း မအိပ်ကြပါဘူး။ အရက်ကလည်း ဝယ်ထား တော့ သောက်လိုက် ချက်လိုက်ပေါ့။ ထမင်းနဲ့ ဟင်းတွေ အကုန် ကျက်ပြီဆိုတော့ ည ၁ နာရီလောက်မှာ သူငယ်ချင်းအားလုံး အလှည့်ကျ ရေချိုးကြပေါ့။ အဝတ်အစားလဲပြီး ပစ္စည်းတွေကို တင်တဲ့သူက တင်ပြီး ဘာမှမကျန်ရအောင် ယူဆောင်စရာ ပစ္စည်းတွေကို မမေ့မလျော့ဘဲ လှည်းပေါ်ကို တင်ကြပါတယ်။ ကျွန်တော်တို့ နန်းတော်ရှေ့ကိုက ရေတံခွန်တောင်ကို သွားမယ့် လှည်းအစီးရေက ၂၀ လောက် ရှိပါ တယ်။ နောက်ပြီး ဘူးကုန်း၊ နန်းဦးလွင်၊ သရက်ကုန်းမှ လှပျိုဖြူ များကလည်း ကိုယ်ပိုင်လှည်းတွေနဲ့ သွားကြမှာဆိုရင်တော့ ရည်းစား ရှိတဲ့သူတွေက အပျော်ကြီး ပျော်ပြီပေါ့။

နံနက် ၂ နာရီမှာ နန်းတော်ရှေ့က စတင်ထွက်ခွာလာပြီ။ လှည်း ဦးထိပ်မှာ အသံချဲ့စက်ဟွန်းရှည်ကြီးကို တင်ပြီး သီချင်းတွေ ဖွင့်ကာ ချီတက်ကြပြီပေါ့ဗျာ။ ရန်ကင်းတောင်ခြေမှာ ခဏရပ်ပြီး ရှေ့မှာရှိ တဲ့ လှည်းနဲ့ နောက်မှလာတဲ့ လှည်းကို စောင့်ပြီး ချောင်းမကြီး ဆက်သွား၊ ရေကြည်တံတားမှ အရှေ့ကို တက်လိုက်ရင် ရေတံခွန် တောင်ကို ရောက်ပါပြီ။ နံနက် ၈ နာရီလောက်ပေါ့။ လှည်းတွေက တော့ အခုထက်ထိလာနေတုန်းပါပဲ။ ဘုန်းကြီးကျောင်းကလည်း တောင်ကျောင်းနဲ့ မြောက်ကျောင်းရှိရာ ကြိုက်တဲ့ ကျောင်းမှာ တည်း လို့ရသလို အပင်တွေအောက်မှလည်း နားလို့ရပါတယ်။

ဦးစွာ ဆရာတော်ကို ဦးချ၊ ပါလာတဲ့ ဆွမ်းနဲ့ ဟင်းကို တစ်ပါးစာ လောင်းလှူလိုက်ပါတယ်။ ပြီးတော့ လျှောက်လည်ကြပေါ့။ ကိုယ့် ကောင်မလေးပါတဲ့ လှည်းဆို ကြိုကြ။ မလာသေးရင် မျှော်ကြ၊ ဒါကိုက ပျော်စရာပါ။ အဲ့ဒီအချိန်မှာ 'ဟသ်ာဂူ'ကို သွားတဲ့ သူတွေ က သွားကြ၊ ချိန်းတွေ့တဲ့သူတွေက ချိန်းတွေ့ကြနဲ့ပေါ့။ ဖဲရိုက်သူက ဖဲရိုက်၊ အရက်သောက်တဲ့သူက အရက်သောက်ပြီး ကိုယ့်အဖွဲ့နဲ့ကိုယ် ပြဿနာမရှိဘဲ စလိုက် နောက်လိုက်နဲ့ တကယ့်ကို ပျော်စရာအချိန် လေးပါ။ ပြန်မရတော့တဲ့ ငယ်ဘဝကို ပြန်တွေးရင် လွမ်းစရာတွေက ရင်ထဲအပြည့်။

အတွဲတွေကလည်း ချောင်ကျကျနေရာမှာ ချိန်းတွေ့ကြ။ လက် ကလေးကိုင်ပြီး ပါးကလေးကို ရွတ်ခနဲ နိုးနမ်းလိုက်ရတာကိုက ရင်ခုန်စရာ ရင်ဖိုစရာပါ။ လူကြီးတွေလည်း ချိန်းတွေ့နေပြီဆိုတာ သိပေမယ့် မဆူရက် မဆိုရက်ဘူး။ လူငယ်သဘာဝဆိုတော့ ဒီအချိန် မှာ နားလည်ပေးကြပါတယ်။ ၁၁ နာရီလောက်မှာ လူစုံအောင် စောင့်ပြီး ထမင်းစားကြပါတယ်။ ပျော်ပျော်ပါးပါးပေါ့။ ထမင်းနဲ့ ဟင်း ကို ပုံပြီး ကိုယ်စားချင်တဲ့ နေရာ … ဥပမာ ကိုယ့်ကောင်မလေး ရှိတဲ့ နေရာပေါ့။

ကိုယ်တွေရဲ့ ဆိတ်သားနှပ်ကလည်း ဟင်းအိုးကို အဖုံးဖွင့်လိုက် တာနဲ့ လေအောက်က ရောက်နေသူတွေ ခေါင်းတစ်ထောင်ထောင်နဲ့ ဟင်းအိုးကို လိုက်ရှာနေတာ အတုံးအကြီးကြီး တုံးထားတာဆိုတော့ ကျန်တဲ့သူငယ်ချင်းတွေကိုလည်း ကျွေး၊ ကိုယ့်ကောင်မလေးတို့ အဖွဲ့ကိုလည်း ပေးပေါ့ ပျော်စရာကြီးပါ။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အပြန် အလှန် စားစရာတွေလည်းပေး၊ ဘယ်မှာနေသလဲ လိပ်စာတွေပေးကြ၊ မိတ်ဖွဲ့ကြနဲ့ပေါ့။ ရင်းနှီးမှုကလည်း ပိုလို့တိုးလာတာပေါ့။ ကိုယ့် မိသားစုတွေလိုပဲ။ တစ်ရေးတစ်မော အိပ်ချင်ကြတဲ့သူတွေက အိပ် ပေါ့။

ဒီလိုနဲ့ နေ့လယ် ၂ နာရီလောက် ပြန်ဖို့ရာ လူစု၊ လူစုံပြီဆိုတာ နဲ့ ပစ္စည်းတွေကို လှည်းပေါ်တင် မကျန်ရအောင်ပေါ့။ အပြန်မှာတော့ တွေ့ကြပြီ။ လှည်းတွေက တန်းစီထွက်လာပြီ။ ရန်ကင်းတောင်ခြေ မှာ ညောင်ရေသွန်းပွဲတော်ရှိ။ လှည်းတွေကလည်း အပြိုင်မောင်း၊ အသံချဲ့စက်ကလည်း ဖွင့်၊ ပေါင်းမိုးပေါ်မှာလည်း ငပန်းတွေက လည်း ဝါဝါထိန်ထိန်နဲ့ လှည်းနောက်မြီးမှာ ထိုင်နေတဲ့ လုံမတွေ ကလည်း 'ညိုမြ'လို မျက်နှာက ပြုံးစိစိနဲ့ နောက်လှည်းက ကာလ သားတွေကို လှောင်နေသလိုလို၊ နောက်လှည်းက နွားနှစ်ကောင် ကလည်း လုံမတွေရဲ့ လှည်းပေါ်ပဲ တက်တော့မလိုလို့ပေါ့။

အဲ့ဒီမှာ လုံမလေးတွေက ဟဲ့ … ဟဲ့ ဘယ်လို မောင်းနေတာ လဲ ငါ့နယ်နော် မပြောလိုက်ချင်ဘူးဆိုပြီး ချစ်မျက်စောင်းလှလှလေး ထိုးလိုက်တော့ နောက်က ကာလသားတွေကလည်း ဟေးလို့ ဝိုင်းအော်ကြတာပေါ့။ ကာလသားတွေက အကုန်လှည်းပေါ်မှာ ထိုင်မလိုက်ဘဲ လှည်းနောက်ကနေ ခြေကျင်လမ်းလျှောက်ရတာ ကိုက မောရမှန်းမသိ၊ ပန်းရမှန်းမသိ စလိုက် နောက်လိုက် ပြောင် လိုက်နဲ့ပေါ့။

အဲ့ဒီအထဲက သူငယ်ချင်း နိုင်စမ်းရေက အကဲဆုံး။ ကောင် မလေးတွေ မြင်ရင် တအားစတာ။ သူက လူချစ်လူခင်ပေါတယ်။ အသားကတော့ မည်းတယ်။ အစားအသောက်မှာတော့ စိတ်ချရ တယ်။ သူက အစားတစ်လိုင်းပေါ့။ ၄ နာရီလောက်မှာ ရန်ကင်း တောင်ခြေမှာနား။ နွားတွေလည်း အစာကျွေးပေါ့။ ညနေပိုင်းမှာ တော့ ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ရှိတယ်။ အကြိတ်အနယ် သိပ်ကြည့်လို့ ကောင်းတာပေါ့။ နောက်ဆုံးတော့ အမှတ်(၄/၅) လိုင်းပဲ ဗိုလ်စွဲ ဆုယူပေါ့။

နောက်ပြီး စတွေ့တာကတော့ ကျွန်တော်တို့ရဲ့ ဘိုးသက်ရှည် 'အိုအေစစ်' ရေခဲခြစ်ဆိုင်ဟာ စားပြီးရင်း စားချင်နေတာ၊ ရေခဲခြစ် ပေါ်မှာ ဆမ်းဖို့ အချိုရည်ပုလင်းတွေက ရောင်စုံမို့ ကိုယ်ကြိုက်တဲ့ အရောင်ဆမ်းလို့ ရတယ်ဗျာ။ သဘောအလွန်ကောင်းတဲ့ ကိုဌေးဌေး နဲ့ စိန်ထွန်းတို့က ဖော်ရွေစွာ ကြိုဆိုနေပါတယ်။ နောက်ပြီး ရန်ကင်းတောင်ပေါ်သွားကာ ဘုရားဖူး၊ အလှူခံပုံးထဲမှာ အလှူငွေ ထည့် ဘုရားမှာ လိုရာဆုတောင်းပေါ့။ ၅ နာရီမှာ အဖွဲ့တွေ ပြန်စု၊ အသံချဲ့စက်ကို ဖွင့်လို့ နန်းတော်ရှေ့ကို ပြန်ကြပြီပေါ့။ ရေတံခွန် တောင်ကိုသွားရင်း ချစ်သူရည်းစားဖြစ်ကြသူတွေလည်း ရှိတာပေါ့။

ကျွန်တော်တို့ နန်းတော်ရှေ့မှာ အချိတ်ရက်ကန်းရုံတွေ ရှိတယ်။ သင်္ကန်းချုပ်တဲ့သူတွေ ရှိတယ်။ ဆေးလိပ်သမတွေ ရှိတယ်။ ဒါတွေဟာ နန်းတော်ရှေ့ရဲ့ အထင်ကရ လုပ်ငန်းတွေပေါ့။ အင်္ကျီ ချုပ်တဲ့သူတွေလည်း ရှိတယ်ပေါ့လေ။ ရေတံခွန်တောင်မှာ တွေ့ကြ၊ စကြ၊ နောက်ပြောင်ရင်းနဲ့ ချစ်သူရည်းစားဖြစ်ကြ၊ နောက်တော့ ညားကြလေသတည်းပေါ့ဗျာ။ နန်းတော်ရှေ့အပြန်မှာ အသံချဲ့ စက်ဆရာ ကိုစိန်ညွန့်ကို သူတို့အိမ်ဝင်ပြီး အသံချဲ့စက်နဲ့ ပတ် သက်တဲ့ ပစ္စည်းတွေကို ချပေး ကျန်ငွေ ရှင်းပေါ့။

နန်းတော်ရှေ့ကို ရောက်တော့လည်း လှည်းဆရာက ထမင်း အိုး၊ ဟင်းအိုး၊ ပန်းကန်တွေကို ကျွန်တော့်အိမ်မှာ ချပေးပြီး လှည်းခ ကျန်ငွေကို ရှင်းပေးလိုက်ပါတယ်။ ညကျတော့ သူငယ်ချင်းတွေ စုပြီး 'တိုက်တော်'ဘုန်းကြီးကျောင်းထဲမှာ ညောင်ရေသွန်းကြပါ တယ်။ ဖျော်ရည်ကတော့ ကြိုက်ဆွဲပဲ။ ပီပါကြီးနဲ့ ဖျော်ထား တာ ဆီးဖျော်ရည်တွေပေါ့။ ဘယ်သူသောက်သောက် စိတ်ကြိုက် သောက်။ ည ၈ နာရီမှာ ပိတ်ကားထောင်ရုပ်ရှင်ကြည့်ပြီး ကဆုန် လပြည့်နေ့ကို အဆုံးသတ်လိုက်ရပါတော့တယ်ခင်ဗျာ။

**(နန်းတော်ရှေ့မှ သူငယ်ချင်းများကို အမြဲသတိရလျက်...)**

---

"သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊
ပဒ္ဒင်းတော်ခံ" ဟူသော စာဆိုအတိုင်း
ညောင်ရေသွန်းပွဲတော် ကျင်းပရာ
လထူး လမြတ်သည် ကဆုန်လဖြစ်သည်။
ကဆုန်လပြည့်နေ့သည် ထူးခြားသော
ဝိသေသလက္ခဏာများဖြင့် ပြည့်စုံလှသည်။
ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဟူသော
စကားနဲ့အညီ နေ့ထူးနေ့မြတ် ဖြစ်သည်။

## အိမ်ဖြူတော်သတင်းထောက်များအသင်း ဂုဏ်ပြုညစာစားပွဲ၌ သမ္မတ ဒေါ်နယ်လ်ထရမ့် ရှိနေစဉ် သေနတ်ပစ်ခတ်မှုဖြစ်ပွား



**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော် သတင်းထောက်များအသင်း၏ နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲ၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တက်ရောက်လာသူများကို ဧပြီ ၂၅ ရက်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ဝါရှင်တန်ဟီလ်တန်ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ထိုညစာစားပွဲ၌ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးချိန်တွင် သေနတ်သံများ ထွက်ပေါ်လာခဲ့သည်။

သက်တော်စောင့်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယရှိသူကို ချက်ချင်းလက်ရဖမ်းဆီးနိုင်ခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်၊ တောရန့်စ်မြို့မှ အသက် ၃၁ နှစ်အရွယ် ကျောင်းဆရာ ကိုးလ်တောမတ်စ်အလန် ဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

၎င်းသည် အဆိုပါ အခမ်းအနားကျင်းပရာ ဟိုတယ်တွင် တည်းခိုနေသည့် ဧည့်သည်တစ်ဦး ဖြစ်ပြီး ၎င်းတည်းခိုသည့်အခန်းကို စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် လုံခြုံရေးအရ ထိန်းသိမ်းထားသည်ဟု ဝါရှင်တန်ဒီစီ ရဲမင်းကြီး ဂျက်ဖရီဒဗလျူကာရောလ်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## ပြည်သူများ လျှပ်စစ်စွမ်းအင် ချွေတာကြရန် အီရန်သမ္မတ မာဆုဒ်ပီဇက်ရှ်ကီယန် တိုက်တွန်းနှိုးဆော်

**တီဟီရန် ဧပြီ ၂၆**

အီရန်သမ္မတ မာဆုဒ်ပီဇက်ရှ်ကီယန်က အီရန်ပြည်သူများအနေဖြင့် လျှပ်စစ်စွမ်းအင်ကို ခြိုးခြံချွေတာကြရန် ဧပြီ ၂၅ ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အား ပြတ်လပ်မှုမရှိသေးသော်လည်း အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်ပြည်သူများအကြား မကျေနပ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်နေကြသည်ဟု ၎င်းက သတိပေးပြောကြားသည်။

နိုင်ငံတော်ရုပ်မြင်သံကြားမှ တစ်ဆင့် သမ္မတက ပြောကြားရာတွင် လက်ရှိအခြေအနေ၌ အသင့်ရှိနေကြသော ချစ်လှစွာသော ပြည်သူလူထုထံသို့ လျှပ်စစ်နှင့် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးရန် ရိုးရှင်းသော မေတ္တာရပ်ခံချက် တစ်ခု ပြုလုပ်လိုသည်ဟု ပြောကြားသည်။

လတ်တလောတွင် ပြည်သူများအနေဖြင့် အနစ်နာခံရန်အထိ မလိုအပ်သေးသော်လည်း သုံးစွဲမှုကို ထိန်းချုပ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အိမ်အတွင်း၌ မီးသီး ၁၀ လုံးထွန်းမည့်အစား နှစ်လုံးသာ ထွန်းခြင်းဖြင့် သုံးစွဲမှုကို လျှော့ချနိုင်သည်ဟုလည်း ၎င်းက ထည့်သွင်းပြောဆိုကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ ထိုင်ယွမ် ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ တစ်ဆင့် ပါကစ္စတန်နိုင်ငံ၏ ဂြိုဟ်တုတစ်စုံကို အောင်မြင်စွာ လွှတ်တင်

**ပေကျင်း ဧပြီ ၂၆**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ်ရှိ ထိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ တစ်ဆင့် ပါကစ္စတန်နိုင်ငံ၏ ဂြိုဟ်တုတစ်စုံကို ယမန်နေ့က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပီအာအက်စ်စီ-အီးအိုသရီး ဟု အမည်ပေးထားသည့် အဆိုပါ ဂြိုဟ်တုကို ပေကျင်းစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် လောင်းမတ်ချ် ၆ သယ်ဆောင်ရေးဒုံးပျံဖြင့် လွှတ်တင်ခဲ့ပြီး သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ရောက်ရှိသွားသည်။

ယခုလွှတ်တင်မှုသည် လောင်းမတ်ချ် သယ်ဆောင်ရေးဒုံးပျံစီးရီးများ၏ အကြိမ် (၆၄၀) မြောက် ပျံသန်းမှုအစီအစဉ်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဂျပန်မြောက်ပိုင်း တောမီးများကို ငြိမ်းသတ်ရန်အတွက် အိုဆူချီမြို့တွင် မီးသတ်သမားများကို တပ်ဖြန့်ထား

**တိုကျို ဧပြီ ၂၆**

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် တောမီးများကို ငြိမ်းသတ်ရန် မီးသတ်သမား ၁၄၀၀ နှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၀ ကို တပ်ဖြန့်ထားပြီး ဧပြီ ၂၆ ရက်အထိ ၅ ရက်ဆက်တိုက် တောက်လောင်နေသော အဆိုပါမီးများသည် သာယာလှပသည့် ကမ်းရိုးတန်းမြို့ကလေးတစ်မြို့ကို ဆက်လက်ခြိမ်းခြောက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့ နံနက်စောစောပိုင်းအထိ မီးလောင်ကျွမ်းခဲ့သည့် ဧရိယာသည် ဟက်တာ ၁၃၇၃ (၃၃၉၃ ဧက) အထိ ရှိလာခဲ့ပြီး ယမန်နေ့ကထက် ၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

အဆိုပါ တောမီးများသည် ပစိဖိတ်ကမ်းရိုးတန်းရှိ အိုဆူချီမြို့၏ လူနေရပ်ကွက်များကို ခြိမ်းခြောက်နေပြီး ယင်းမြို့မှာ ၂၀၁၁ ခုနှစ်၊ မတ်လအတွင်းက ဖြစ်ပွားခဲ့သည့် အဆိုးရွားဆုံး ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်ကြောင့် မြို့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့် ဆုံးရှုံးခဲ့ရသည့် မြို့ဖြစ်သည်။

လက်ရှိတွင် အိုဆူချီမြို့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော အိမ်ထောင်စုပေါင်း ၁၅၄၁ စု (သို့မဟုတ်) ဒေသခံပြည်သူ ၃၂၃၃ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် သက်ဆိုင်ရာက အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## တာဂျီကစ္စတန်နိုင်ငံ တောင်ပေါ်လမ်းစီမံကိန်းကြောင့် ဒေသခံအမျိုးသမီးများ၏ ဘဝကိုပါ ပြောင်းလဲပေးနိုင်

**ဒူရှန်ဘီ ဧပြီ ၂၆**

တာဂျီကစ္စတန်နိုင်ငံရှိ အိုဘီဂမ်း-နူရိဘတ် လမ်းပိုင်းတစ်လျှောက်တည်ရှိသော တောင်ပေါ်လူ့အဖွဲ့အစည်းများတွင် လက်ရှိဆောင်ရွက်နေသည့် လမ်းစီမံကိန်းသည် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကောင်းမွန်စေရုံသာမက အမျိုးသမီးများ၏ဘဝကိုပါ ပြောင်းလဲပေးနိုင်သည့် ကွင်းဆက်တစ်ခုဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စီမံကိန်း၏ အချို့သော အစိတ်အပိုင်းများကို စောစီးစွာ အကောင်အထည်ဖော်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝတွင် သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေသည်ဟု



တာဂျီကစ္စတန်နိုင်ငံ ရိုဂန်မြို့ရှိ လက်မှုပညာနှင့် ခေတ်မီကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ညွှန်ကြားရေးမှူး ဂျူရာ ယီဗာဆာဖီယာက ပြောကြားသည်။

ခရီးသွားလာချိန်မှာ သိသိသာသာလျော့နည်းသွားပြီး ကျေးရွာများနှင့် ခရိုင်မြို့များအကြား ဆက်သွယ်ရေးမှာ ပိုမိုလွယ်ကူလုံခြုံလာသည်ဟု ၎င်းကဆိုသည်။

ထို့ပြင် အဆိုပါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းသည် ယခင်က လက်လှမ်းမမီခဲ့သော ဈေးကွက်များ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အထူးသဖြင့် အမျိုးသမီးများအတွက် ရရှိလာစေရန် လမ်းစဖွင့်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**

STOP AIDS

## ပုဂ္ဂလိကပိုင် ကြယ်တာရာတိုင်းတာရေးကိရိယာကို လန်ဒန်မြို့ရှိ ဆိုသဘေး လေလံဌာန၌ လေလံတင်မည်

**လန်ဒန် ဧပြီ ၂၆**

နှစ်ပေါင်းများစွာကြာအောင် ပုဂ္ဂလိကပိုင် စုဆောင်းမှုတစ်ခုအဖြစ်တည်ရှိခဲ့သည့် ကြယ်တာရာ တိုင်းတာရေးကိရိယာကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဆိုသဘေး လေလံဌာန၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂျိုင်ပူးမြို့၏ တော်ဝင်စုဆောင်းမှုတွင် တစ်ချိန်က ပါဝင်ခဲ့ဖူးသည့် ၁၇ ရာစုလက်ရာ အံ့မခန်းဖွယ်ကြေးဝါကြယ်တာရာတိုင်းတာရေးကိရိယာ သို့မဟုတ် လက်ကိုင်နက္ခတ္တဗေဒတွက်ချက်စက်ကို ဧပြီ ၂၉ ရက်တွင် လန်ဒန်ရှိ ဆိုသဘေး လေလံဌာန၌ လေလံတင်ရောင်းချမည်ဖြစ်သည်။

အဆိုပါပစ္စည်းသည် လက်ရှိအချိန်အထိ အကြီးဆုံးဖြစ်နိုင်ပြီး ယခင်က တစ်ကြိမ်တစ်ခါမျှ ပြသခဲ့ဖူးခြင်းမရှိကြောင်း ဆိုသဘေး လေလံဌာန၏ အစ္စလာမ်နှင့် အိန္ဒိယအနုပညာဌာန အကြီးအကဲဖြစ်သူ ဘယ်နီဒစ်ကာတာက ပြောကြားသည်။

ဂျိုင်ပူးမြို့မှ မဟာရာဂျာစာဝေမန်ဆင်း၏ တော်ဝင်စုဆောင်းမှုတွင် ပါဝင်ခဲ့သည့် ထိုပစ္စည်းကို ၎င်းကွယ်လွန်ပြီးနောက် ခေတ်တစ်ခေတ်၏ အလှဆုံးအမျိုးသမီးများထဲမှ တစ်ဦးဖြစ်သူ ဇနီးသည် မဟာရာနီဂါယထရီဒေဝီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် မဟာရာနီဂါယထရီဒေဝီ သက်ရှိထင်ရှားရှိစဉ်အတွင်း ပုဂ္ဂလိကပိုင် စုဆောင်းမှုတစ်ခုသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဧပြီ ၂၆**

မိတ္ထီလာမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဧပြီ ၂၄ ရက် နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင် ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင် ဦးစီးမှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကိုကျင်းပရာ မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)



## တံခွန်တိုင်ရပ်ကွက်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၂၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်ရှိ အမှတ်(၁)ဆက်သွယ်ရေးအလုပ်ရုံ၌ ယမန်နေ့ နံနက် ၈ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခဲ့သည်။

ထိုမီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ပြည်ကြီးတံခွန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၏ ဦးဆောင်၍ သနေ္တတပ်ဖွဲ့ဝင် ၁၀ဦး၊ လ·ဆ· သ(၁)မှ ဗိုလ်မှူးသက်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်းကာ လ·ဆ·သ(၁)တွင် ဟောပြောသရုပ်ပြမှုများ ပြုလုပ်ခြင်းနှင့် 191 report application အား ထည့်သွင်းပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး မှာကြားခဲ့ပြီး မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဟုမ္မလင်းဆိပ်ကမ်း မီးလောင်ရေယာဉ်များ ဆိပ်ကမ်းဆွဲယူဆိုက်ကပ်

**ဟုမ္မလင်း ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ဟုမ္မလင်းရပ်ကွက်၊ မြို့မဘုန်းကြီးကျောင်းဆိပ်ကမ်းအနီး ချင်းတွင်းမြစ်အတွင်း ဆိုက်ကပ်ထားသည့် 'နိုင်ရတနာဝင်း' ဖလက်ကုန်တင်မော်တော်ရေယာဉ်ပေါက်ကွဲ၍ မီးလောင်ကျွမ်းခဲ့သည့် ကုန်တင်ရေယာဉ်များကို ဧပြီ ၂၄ ရက်ညနေပိုင်းက ဆိပ်ကမ်းသို့ ဆွဲယူဆိုက်ကပ်ခဲ့သည်။

ဟုမ္မလင်းမြို့တွင် ဧပြီ ၂၀ ရက် ညနေ ၆ နာရီခွဲခန့်က ဟုမ္မလင်းရပ်ကွက်မြို့မဘုန်းကြီးကျောင်းဆိပ်ကမ်းအနီးချင်းတွင်းမြစ်အတွင်းဆိုက်ကပ်ထားသည့် 'နိုင်ရတနာဝင်း'ဖလက်ကုန်တင်မော်တော်ရေယာဉ်ပေါက်ကွဲ၍ မော်တော်ယာဉ် ၁၀ စီးခန့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကုန်တင်ရေယာဉ်များအနက် မီးငြိမ်းသတ်ပြီးသည့် ဧရာကျော် ကုန်တင်ရေယာဉ်ကို ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး သိန်းလင်းထွန်း၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရစကမှအဖွဲ့ဝင်များနှင့် (ဟုမ္မလင်း၊ နောင်ပကျစ်)ရပ်ကွက်မှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ရေယာဉ်များဖြင့် ဟုမ္မလင်းမြို့ မြို့မဘုန်းကြီးကျောင်းဆိပ်ကမ်းသို့ ဆွဲယူဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၉၄)



## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**သာစည် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးသွားသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၃ ရက် နံနက် ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၅၂ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျားတွင်းရေကျေးရွာနေ ဇေယျာအောင်(ခ)ငအောင်(၂၆)နှစ်ဆိုသူ မောင်းနှင်ပြီး မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ မင်းလယ်ကျေးရွာနေ အောင်ကျော်မြင့်(၂၃)နှစ် လိုက်ပါလာသော NISSAN ၂၂ ဘီး မော်တော်ယာဉ်သည် တောင်ကြီးမြို့မှ မိတ္ထီလာမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ လမ်းကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးတွင် အချက်ပြမီးဖွင့်ပြီး ရပ်တန့်၍ လေအိတ်ပြုပြင်နေသည့် HIGER အမျိုးအစား မှန်လုံမော်တော်ယာဉ်၏ ဝဲဘက်ခြမ်းအား တိုက်မိခဲ့ပြီး တောင်ကမ်းပါးနံရံအား ထပ်မံတိုက်မိခဲ့သဖြင့် ဇေယျာအောင်(ခ)ငအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ဇေယျာအောင်(ခ)ငအောင်ဆိုသူအား ယင်းမာပင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပြင်ဦးလွင် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ငါးရံ့ချောင်းကျေးရွာရှိ 'ကောင်းစံ'အကင်ဆိုင်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်အတွင်း၌ ဒေါ်ခင်ထွေးရီ(၃၆)နှစ်ဆိုသူအား နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး အလားတူ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ ၁၄၂ လမ်းနှင့် ၁၄၃ လမ်းကြား၌ ပုံဝိုင်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အမရပူရခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်မျိုးထွန်း(ခ)ဖိုးသား(၂၃)နှစ်၊ ဆန်းလွင်(၄၃)နှစ်၊ တင်စိုး(၃၉)နှစ်၊ ဒေါ်ဝါဝါနိုင်(ခ)ပေါက်စီ(၃၇)နှစ်၊ ဒေါ်ယဉ်ယဉ်မြ(ခ)ဖြူချော(၄၃)နှစ်၊ မခင်နှင်းဝေ(၂၆)ဆိုသူနှင့် အမရပူရမြို့နယ်၊မုံပုလဲကျေးရွာနေ မရွက်နုထွန်း(၂၅)နှစ်နှင့် မင်းကျေးရွာနေ ဒေါ်မိုးမိုးလေး(ခ)နွေဦး(၃၂)နှစ်ဆိုသူတို့ ရှစ်ဦးအား ပုံဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်မျိုးထွန်း(ခ)ဖိုးသားဆိုသူပါ ရှစ်ဦးအား မြစ်ငယ်နယ်မြေရဲစခန်းမှ အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






## အက်သလက်တီကိုမက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဧပြီ ၂၆**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၉မိနစ်တွင် ဂရစ်ဇ်မန်း၊ ပွဲချိန် ၅၄မိနစ်၊ (၉၀+၃) မိနစ်တွင် ဆိုလော့သ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၃၃)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၀ ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## ဧပြီလအတွက် စပိန်လာလီဂါတစ်လတာ အကောင်းဆုံးကစားသမားဆုကို ယာမဲလ် ဆွတ်ခူး

**ဘာစီလိုနာ ဧပြီ ၂၆**

စပိန်လာလီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဧပြီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်က ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဧပြီလအတွင်း ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် သုံးပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ နှစ်ဂိုး ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၂၄ဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

အသက်(၁၈)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော်အခုလို တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူဆုဖလားတွေ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (ဝဲပုံ) (NGB)

## မာကို့စ်ဆန်ဆီအား ခေါ်ယူရန် စပါးအသင်း စီစဉ်

**လန်ဒန် ဧပြီ ၂၆**

စပါးအသင်းသည် ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နောက်ခံကစားသမား မာကို့စ်ဆန်ဆီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



နောက်ခံကစားသမား မာကို့စ်ဆန်ဆီကလည်း စပါးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ မာကို့စ်ဆန်ဆီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## အာဒါဂူလာ ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဧပြီ ၂၆**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား အာဒါဂူလာ ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အာဒါဂူလာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အာဒါဂူလာသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားကာ ၁၈ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ) (NGB)

## ပီယာကာလူလူကို စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်အသင်းစီစဉ်

**တူရင် ဧပြီ ၂၆**

ဂျူဗင်တပ်အသင်းသည် အသင်းနောက်ခံကစားသမား ပီယာကာလူလူအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။



အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဂျူဗင်တပ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ပီယာကာလူလူသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး နှစ်ဂိုးသွင်းယူထားသည်။

ဂျူဗင်တပ်အသင်း၏ထုတ်ပြန်ချက်တွင် "ပီယာကာလူလူကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့သည် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အန်းဒရစ်ခ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက တူးလော့စ်အသင်းနှင့် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။ (NGB)

## 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Fiona Ferro တက်ရောက်

**လန်ဒန် ဧပြီ ၂၆**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်မယ် Fiona Ferro တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Fiona Ferro သည် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Linda Klimovicova အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Fiona Ferro နှင့် ဥဇဘက်ကစ္စတန်တင်းနစ်မယ် Polina Kudermetova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ) (NGB)




## ကိုမိုအသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဖာဘရီဂက်စ် ပြောကြား

**တူရင် ဧပြီ ၂၆**

ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်စ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်နေသော်လည်း ၎င်းက ကိုမိုအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ ဖာဘရီဂတ်စ်သည် ကိုမိုအသင်းကို ၂၀၂၄ခုနှစ်၊ ဇူလိုင် ၁၆ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇၈ပွဲတွင် ၃၂ပွဲနိုင်၊



၂၃ပွဲသရေ၊ ၂၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဖာဘရီဂတ်စ်က "ကျွန်တော် ကိုမိုအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားလိုပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၄-၂၀၂၆<br>နံနက်၀၁:၃၀နာရီ | (၁၃) အက်စ်ပန်ညို - လီဗန်တေး (၁၉)<br>(L,L,D,L,L) (D,W,L,W,W) | အက်စ်ပန်ညို ၄-၃ လီဗန်တေး<br>လီဗန်တေး ၁-၁ အက်စ်ပန်ညို |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၄-၂၀၂၆<br>ည၁၁:၀၀နာရီ | (၁၆) ကက်ဂလီယာရီ - အတ္တလန်တာ (၇)<br>(L,L,L,W,L) (W,W,L,D,L) | ကက်ဂလီယာရီ ၀-၁ အတ္တလန်တာ<br>အတ္တလန်တာ ၀-၀ ကက်ဂလီယာရီ |
| ၂၈-၄-၂၀၂၆<br>နံနက်၀၁:၁၅နာရီ | (၉) လာဇီယို - အူဒီးနိစ် (၁၁)<br>(W,D,L,W,W) (L,W,D,W,L) | လာဇီယို ၁-၁ အူဒီးနိစ်<br>အူဒီးနိစ် ၂-၁ လာဇီယို |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၄-၂၀၂၆<br>နံနက်၀၁:၃၀နာရီ | (၃) မန်ယူ - ဘရန့်ဖို့ဒ် (၉)<br>(L,W,D,L,W) (L,D,D,D,D) | မန်ယူ ၂-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၄-၃ မန်ယူ |

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ပိုးလောက်လမ်းနှိမ်နှင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**သရက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှင့် ပိုးလောက်လမ်းနှိမ်နှင်းရေး (Abate Campaign) လုပ်ငန်း များကို မြို့ပေါ်ရပ်ကွက်များတွင် စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက မြို့ပေါ် အနောက်ရပ်မြောက်ပိုင်း ရပ်ကွက်အတွင်းရှိ (၃၈၉)အိမ်တို့အတွင်း ကွင်းဆင်းဆောင်ရွက် ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များအတွင်းရှိ ရေတွင်း ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသေဆေး Abate ခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။



သရက်မြို့နယ်တွင် ခရိုင်စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်လုံးကျွတ် ပိုးလောက်လမ်းနှိမ်နှင်းရေး(Abate Campaign)ကို ရက်(၁၀၀) စီမံချက်ရေးဆွဲထားပြီး ရပ်ကျေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မိခင်နှင့်ကလေးစသည့် နှီးနှောအဖွဲ့အစည်းများ၊ ပရဟိတဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

**ဇော်ထက်(သရက်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီဝင် အသစ်ပြန်လည်ဖွဲ့စည်း

**ပွင့်ဖြူ ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကန်ဆွယ်ကျေးရွာအုပ်စု၊ စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီဝင်များ အသစ်ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စဉ်ဆက်မပြတ်စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုက်နာရမည့်မူဘောင်များနှင့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့သည်။

အဆိုပါ စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးပြီး စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ လည်ပတ်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

(အပေါ်ဓါတ်ပုံ)

**(၄၄၅)**

# မန္တလေးဈေးကွက်အတွင်း ပဲကြီးဝယ်လိုအား မြင့်တက်နေပြီး ဈေးနှုန်းများ မြင့်တက်လာ

**မန္တလေး ဧပြီ ၂၆**

ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှု အားကောင်းသည့် ပဲကြီးမှာ ယခုရက်သတ္တပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ ဝယ်လိုအား အလွန်မြင့်မားနေပြီး ကုန်သည်များအကြား အပြိုင်အဆိုင် ဝယ်ယူစုဆောင်းမှုများကြောင့် ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

ပြည်ပတင်ပို့သည့် FOB ( Free on Board) ဈေးနှုန်းမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေသော်လည်း ပြည်တွင်းစားသုံးမှု လိုအပ်ချက်နှင့်အတူ ကုန်သည်များက လက်ကျန်နည်းပါးသွားမည်ကို စိုးရိမ်ကာ ကြိုတင်ဝယ်ယူမှုများ ပြုလုပ်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း တစ်ပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် လေးသောင်းကျော်အထိ ဈေးနှုန်းများ ခုန်တက်လာခြင်း ဖြစ်သည်။

ဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ် (၅၆ ဒသမ၂၅ ပိဿာ)အခြေခံဈေးနှုန်း ပြောင်းလဲမှုများမှာ ပဲကြီး(ကြီး)တစ်အိတ်လျှင် ငွေကျပ် ၅၄၉၀၀၀ ဝန်းကျင်၊ ပဲကြီး (လတ်) တစ်အိတ်လျှင် ငွေကျပ် ၅၃၉၀၀၀ ဝန်းကျင်နှင့် ပဲကြီး(သေး)တစ်အိတ်လျှင် ငွေကျပ် ၅၀၉၀၀၀ ဝန်းကျင်အထိ အသီးသီးဈေးမြင့်တက်ခဲ့ပြီး အရောင်းအဝယ်အလွန်သွက်လက်လျက်ရှိသည်။

အထူးသဖြင့် အဝယ်တော်များနှင့် ကုန်သည်များမှာ အမျိုးအစားအလိုက် ဈေးကွက်အတွင်းရှိသမျှ ကုန်အဝင်များကို အမိအရ ဝယ်ယူစုဆောင်းနေကြသဖြင့် ဈေးနှုန်းမှာ နေ့စဉ်နှင့်အမျှ အမြင့်ပိုင်းသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ယခုကဲ့သို့ ဈေးကွက်လှုပ်ရှားမှု အားကောင်းနေခြင်းမှာ ပြည်တွင်းစားသုံးမှု လိုအပ်ချက် သိသိသာသာ မြင့်မားလာခြင်းနှင့် မန္တလေးကုန်စည်ဒိုင်ရှိ ကုန်သည်များမှာ ပြည်တွင်းစားသုံးဆီနှင့် မုန့်ပဲသရေစာလုပ်ငန်းများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းရန် ပဲကြီးလက်ကျန်များကို အပြိုင်အဆိုင် အဝယ်တင်နေကြခြင်း ဖြစ်သည်။

အလားတူ ရန်ကုန်ဈေးကွက်တွင်လည်း ပဲကြီး(ကုန်း)နှင့် (ရွှေကျွန်း)နှစ်မျိုးလုံး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ အထက်သို့ ရောက်ရှိလာပြီး ဈေးနှုန်းအသစ်များဖြင့် အရောင်းအဝယ်သွက်လက်နေသည်။ ပြည်ပတင်ပို့မှုထက် ပြည်တွင်းဝယ်လိုအားက ပိုမိုအားကောင်းနေသည့် အခြေအနေကြောင့် လက်ရှိဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှုမှာ ယခင်အပတ်များထက် ပိုမိုမြန်ဆန်လာသည်ကို တွေ့ရသည်။

လာမည့်ရက်ပိုင်းများတွင်လည်း ပဲကြီးဈေးကွက်အတွင်း ဝယ်လိုအားမှာ လျော့ကျသွားဖွယ်မရှိဘဲ ဆက်လက်မြင့်တက်နေဦးမည်ဟု ဈေးကွက်စောင့်ကြည့်သူများက သုံးသပ်ထားကြသည်။ ကုန်သည်များ၏ ဝယ်ယူစုဆောင်းမှု အရှိန်မှာ လက်ရှိတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီး ပဲကြီးအမျိုးအစားအားလုံးမှာ ဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်ဆုံး သီးနှံများအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။




(အောက်ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်-၈)**

# ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကန့်ဘလူ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် အစိုးရသစ်လက်ထက် ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၆ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဦးဝင်းရွှေ၏ နေအိမ်၌ ရပ်ကွက်အတွင်းရှိအသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်သေးသူများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ရက် (၁၀၀) စီမံချက်ဖြင့် ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီ ၄ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ အသက် ၁၀ နှစ်ပြည့်ပြီးသူ အမျိုးသား ၅၁၆ ဦး၊ အမျိုးသမီး ၅၆၆ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀၈၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်းနှင့်ဆက်လက်၍ ကျန်ရပ်ကွက်များနှင့်ကျေးရွာများတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးလေးဆွေထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်းများ ဆက်လက်ဖွင့်လှစ်လျက်ရှိ

**မြို့သစ် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဧပြီလဆန်းပိုင်းမှစတင်၍ အပူချိန်သိသိသာသာ မြင့်တက်လာခြင်းကြောင့် မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ အနေဖြင့် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေး၊ အပူဒဏ်ကင်းဝေးစေရေးနှင့် ရှောင်ရှားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အပူရှောင်စခန်းများကို ဧပြီ ၁ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များရှိ ရွှေဘုံသာဘုန်းတော်ကြီးကျောင်း၊ ဇေယျမင်္ဂလာဂုတ်ကျောင်းနှင့် သရက်တောဘုန်းတော်ကြီးကျောင်းတို့တွင် အပူရှောင်စခန်းများ ဆက်လက်ဖွင့်လှစ်ပေးလျက်ရှိသည်။

ထိုသို့ အပူရှောင်စခန်းများဖွင့်လှစ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အပူရှောင်ရန် လာရောက်ကြသည့် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအတွက် နေရာထိုင်ခင်းများ စီစဉ်နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့လယ်စာစီစဉ်ပေးခြင်း၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် သောက်ရေအိုးများ၊ ရေသန့်ဘူးကြီးများ စီစဉ်ထားရှိခြင်းနှင့် လေအေးပေးစက်၊ ပန်ကာများကိုလည်း စီစဉ်ဆောင်ရွက်ပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။




(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# SEA Esports Nations Cup 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်




**မန္တလေး ဧပြီ ၂၆**

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF) သည် အရှေ့တောင်အာရှဒေသတွင်း အီလက်ထရောနစ်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခြေလှမ်းသစ်တစ်ရပ်အဖြစ် ပထမဆုံးအကြိမ် ကျင်းပမည့် SEA Esports Nations Cup (SNC) 2026 ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်အသင်းကို စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ပထမအကြိမ် SNC ပြိုင်ပွဲကို Vietnam Gameverse 2026 အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်လာမည့် မေလ ၈ ရက်မှ ၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ အပန်းဖြေနှင့် အီလက်ထရောနစ်အားကစားအသင်း (VIRESA)မှ အိမ်ရှင်အဖြစ် တာဝန်ယူစီစဉ်ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဂိမ်းအမျိုးအစား သုံးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ PUBG Mobile ဂိမ်းတွင် Romeo နှင့် Marnett၊ Teamfight Tactics (Women) ဂိမ်းတွင် Aylin နှင့် Wine တို့ ပါဝင်ပြီး Total Football ဂိမ်းတွင်မူ Zipo က မြန်မာ့လက်ရွေးစင်အဖြစ် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်အနေဖြင့် ယခုပြိုင်ပွဲသည် ဒေသတွင်း နိုင်ငံများအကြား မြန်မာ့အလံလွှင့်ထူကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း ယုံကြည်လျက်ရှိပြီး "WE ARE READY FOR SNC!"ဟူသော ကြွေးကြော်သံနှင့်အတူ ကစားသမားများအနေဖြင့် ပြိုင်ပွဲအတွက် အစွမ်းကုန်ပြင်ဆင်ထားကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ ဒေသတွင်းနိုင်ငံအချင်းချင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများသည် မြန်မာ့ E sports လောကရှိ လူငယ်များအတွက် အတွေ့အကြုံသစ်များ ရရှိစေရုံသာမက နိုင်ငံတကာအဆင့်မီ ကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ Esports အဆင့်အတန်းကို ကမ္ဘာကသိအောင် ချပြနိုင်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စည်ပင်သာယာအဖွဲ့ပိုင် မြို့မဈေးကြီးအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဈေးဌာနစိတ် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ လုံခြုံရေးမီးလိုင်းအား စစ်ဆေးခြင်းနှင့် ဈေးလုံခြုံရေးစစ်ဆေးခြင်းတို့ကို စည်ပင်သာယာဈေးဌာနစိတ်ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိသနိုးမြေ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဖူးစားပြောင်းများ ဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေ

**မင်းဘူး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ကျောက်တန်းကျေးရွာမှ ဖူးစားပြောင်းစိုက်တောင်သူများသည် ပြောင်းဖူးပင်များ အောင်မြင်ဖြစ်ထွန်းပြီး ပြောင်းဖူးဈေးကောင်းသောကြောင့် စိုက်ပျိုးသူများအတွက် တွက်ချေကိုက်ကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများ စိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန် လိုအပ်သည်။ နွေနှင့်ဆောင်းရာသီများ စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ် ရေလုံလောက်စွာ ရရှိရန် ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များအား ထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများ ပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့ အောင်မြင်မှုလျော့ကျသွားနိုင်သောကြောင့် ဖြစ်သည်။

ဖူးစားပြောင်းများကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်းခူတ်၍ ရောင်းချနိုင်သည်။ မင်းဘူးမြို့၏ လက်ရှိ ပြောင်းဖူးဈေးနှုန်းများမှာ လက်လီဈေး တစ်ဖူးလျှင် ငွေကျပ် ၃၅၀၊ သုံးဖူး ၁၀၀၀ နှုန်း ရောင်းချရသည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပို၍ကောင်းစေသည်။ ဖူးစားပြောင်းများမှာ ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍ သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ အသုံးပြု စိုက်ပျိုးကြသည်။

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြံပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက် အစေ့ချ၍ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေသည်။ ပြောင်းဖူးပင်များမှာ တစ်ဧကအပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ပင်ကို သုံးဖူး၊ လေးဖူး အထိ ဖူးကာ ပြောင်းစိုက်ပျိုးသူများမှာ အဆင်ပြေနေကြပြီး ဝင်ငွေကောင်းနေကြကြောင်း မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ ဖူးစားပြောင်း စိုက်ပျိုးသူများထံမှ သိရသည်။

(အပေါ်ပုံ)

(၅၀၄)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ ။

## ညောင်ဦးမြို့နယ်၌ သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ညောင်ဦး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ဖြူစင်မေတ္တာအသင်း၊ သုမင်္ဂလာရေအလှူအသင်းတို့ ပူးပေါင်းကာ သောက်သုံးရေလိုအပ်နေသော ကျေးရွာများသို့ ယမန်နေ့ နံနက် ၁၀ နာရီက ရေဂါလန် ၁၆၀၀ ပါ ကားရှစ်စီး လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့နယ် ကန်စောင့်ရွာ၊ ရွှေလှိုင်းရွာနှင့် ခွေးပြုတ်ကျေးရွာများသို့ သောက်သုံးရေ ၁၆၀၀ ဂါလန်ပါကား ရှစ်စီး လှူဒါန်းခဲ့သည်။ ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာတွင် သောက်သုံးရေ စက်ရေတွင်း နှစ်တွင်းရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်ချိန် စက်ရေတွင်း အတွင်းပိုင်းပိုက်များ ကျိုးပဲ့ပြတ်တောက်သွားကာ ဇီးအိုလှကျေးရွာတွင် ရေအခက်ခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စက်ရေတွင်း နှစ်တွင်းအား အလှူရှင်တစ်ဦးက ပြန်လည်ပြုပြင်ခဲ့ရာ သိန်း ၂၀ ခန့် ကုန်ကျခဲ့ပြီး ပြုပြင်ရန် ကျန်ရှိနေသည့် စက်ရေတွင်းနှင့် ရေစကန်တို့အား ပြန်လည်ပြုပြင်ရန် မောရိယမန်းဆေးမိသားစုက ငွေကျပ် သိန်း ၇၀ အကုန်အကျခံ၍ ကျေးရွာနေပြည်သူများနှင့် အနီးဝန်းကျင်ရွာများ အဆင်ပြေစေရန် လှူဒါန်းထားရှိပြီဖြစ်ကြောင်း စက်ရေတွင်း နှစ်တွင်း ပြန်လည်ပြင်ဆင်၍ မပြီးမချင်း ရေအလှူရှင်များက သောက်သုံးရေမပြတ်ရေးအတွက် ဧပြီ ၂၆ ရက်နေ့တွင်လည်း သောက်သုံးရေ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# မြန်မာတို့၏ နေ့ထူးနေ့မြတ် ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲတော် အစဉ်အလာ

**နိဒါန်း**

မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်တွင် ဆယ့်နှစ်လရာသီပွဲတော်များသည် လူမျိုး၏ သဒ္ဓါတရားနှင့် အနုပညာလက်ရာများကို ဖော်ကျူးလျက်ရှိပါသည်။ ထိုပွဲတော်များအနက် ဒုတိယမြောက်လဖြစ်သော ကဆုန်လတွင် ကျင်းပသည့် 'ညောင်ရေသွန်းပွဲတော်'သည် ဘာသာရေးအရရော၊ အမျိုးသားရေးအရပါ အလွန်အရေးပါသော ပွဲတော်တစ်ခုဖြစ်ပါသည်။ နွေဦး၏ အပူရှိန်သည် အထွတ်အထိပ်သို့ ရောက်ရှိနေချိန်၊ သစ်ပင်ပန်းမန်တို့ ညှိုးနွမ်းခြောက်သွေ့နေချိန်တွင် ကျင်းပသော ဤပွဲတော်သည် စိတ်နှလုံးကို အေးမြစေရုံသာမက မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့သတိရစေသည့် မင်္ဂလာရှိသော အခါသမယ ဖြစ်ပါသည်။

**ကဆုန်လ၏ ဝေါဟာရနှင့် သမိုင်းနောက်ခံ**

'ကဆုန်'ဟူသော အမည်သည် ရှေးဟောင်းမြန်မာစကား 'ကုဆုန်'မှ ဆင်းသက်လာခြင်းဖြစ်သည်။ ပုဂံခေတ် ကျောက်စာများတွင် 'ကုဆုန်'ဟု ရေးသားလေ့ရှိသည်ကို တွေ့ရပါသည်။ ဝေါဟာရဗေဒအရ 'က'သည် ရေကို ဆိုလိုပြီး 'ဆုန်'သည် သွန်းလောင်းခြင်းကို ဆိုလိုသဖြင့် 'ရေသွန်းလောင်းသောလ'ဟု အဓိပ္ပာယ်ရပါသည်။ အချို့သော ပညာရှင်များကမူ 'ကဆုန်'ကို 'က'(ရေ)နှင့် 'ဆုန်'(စီးဆင်းခြင်း)ဟု အဓိပ္ပာယ်ဖွင့်ဆိုကာ ရေများ စီးဆင်းသွန်းလောင်းသောလဟု ဆိုကြပါသည်။ မြန်မာ့သမိုင်းတွင် ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်ကတည်းကပင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း အထောက်အထားများ ရှိပါသည်။ ပုဂံခေတ်မင်းအဆက်ဆက်တို့သည် မဟာဗောဓိညောင်ပင်များကို အလေးအမြတ်ထား၍ ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်များအထိ ဤအစဉ်အလာသည် မပျက်မကွက် ဆက်လက်တည်ရှိခဲ့ပါသည်။ ကုန်းဘောင်ခေတ်တွင် မင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် နန်းတွင်းမှသည် ကျေးလက်အထိ တစ်ခဲနက် ဆင်နွှဲခဲ့ကြသော ပွဲတော်ကြီး ဖြစ်ပါသည်။

**ကဆုန်လပြည့်နေ့၏ ထူးခြားချက် (၅)ရပ်**

(ဗုဒ္ဓနေ့)ကဆုန်လပြည့်နေ့ကို ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်တို့က 'ဗုဒ္ဓနေ့' (Buddha Day) သို့မဟုတ် 'ဝေသာခါနေ့' (Vesak Day) ဟု သတ်မှတ်ကာ အလေးအမြတ်ထားကြပါသည်။ မြန်မာတို့အတွက်မူ ဤနေ့သည် အောက်ပါထူးခြားချက် (၅) ရပ်နှင့် ပြည့်စုံသောကြောင့် 'ဘုရားနေ့'ဟုပင် ခေါ်ဆိုကြပါသည်။

**၁။ နိယတဗျာဒိတ် ခံယူသောနေ့**

လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ မိမိ၏ ခန္ဓာကိုယ်ကို တံတားသဖွယ် ခင်းပေးကာ ဘုရားဆုပန်ခဲ့ပါသည်။ ထိုအခါ ဒီပင်္ကရာဘုရားရှင်က 'ဤရသေ့သည် နောင်အခါတွင် ဂေါတမအမည်ဖြင့် ဘုရား စင်စစ်ဖြစ်လိမ့်မည်'ဟု နိယတဗျာဒိတ်တော် မြွက်ကြားခဲ့သောနေ့မှာ ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။

**၂။ အလောင်းတော် ဖွားမြင်သောနေ့**

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့ပါသည်။ ဖွားမြင်စတွင်ပင် ခြေလှမ်းခုနစ်လှမ်း လှမ်းကာ 'ငါသည် လောကတွင် အမြတ်ဆုံးဖြစ်သည်'ဟု ကြွေးကြော်ခဲ့သော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

**၃။ သဗ္ဗညုတဉာဏ်တော် ရရှိသောနေ့**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အလောင်းတော်မင်းသားသည် မဟာဗောဓိညောင်ပင်ကို အမှီပြု၍ တရားအားထုတ်တော်မူရာ မာရ်နတ်မင်း၏ စစ်သည်အပေါင်းကို အောင်မြင်ကာ သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**၄။ ပရိနိဗ္ဗာန်စံဝင်သောနေ့**

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ အင်ကြင်းပင်အစုံတို့၏ အကြားတွင် သက်တော် (၈၀)အရွယ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။

**၅။ အာနန္ဒာဗောဓိပင် စိုက်ပျိုးသောနေ့**

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါကပင် ဘုရားရှင် ဒေသစာရီကြွချီနေချိန်တွင် ကြည်ညိုသူများ ပူဇော်နိုင်ရန်အတွက် အရှင်အာနန္ဒာ၏စီစဉ်မှုဖြင့် ဗုဒ္ဓဂါယာမှ ဗောဓိပင်မျိုးစေ့ကို ဇေတဝန်ကျောင်းတော်၌ စိုက်ပျိုးခဲ့သောနေ့မှာလည်း ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။

**ညောင်ရေသွန်းပွဲတော်ကျင်းပပုံနှင့်အစဉ်အလာ**

ကဆုန်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်မှစ၍ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ကို ပြုလုပ်ကြပါသည်။ ညနေစောင်း အပူရှိန်လျော့ပါးချိန်တွင်မူ ညောင်ရေသွန်းပွဲတော်ကို စတင်ကြပါသည်။

**ပြင်ဆင်မှုများ**

ပွဲတော်အတွက် ရေစင်ရေအေးများကို အိုးသန့်သန့်များတွင် ထည့်ကြပါသည်။ ထိုရေထဲသို့ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသည့် နံ့သာတုံးများကို သွေး၍ ထည့်ခြင်း၊ သပြေပန်း၊ နှင်းဆီပန်း စသည့် ပန်းများကို ထည့်ခြင်းဖြင့် မွှေးပျံ့အေးမြစေရန် ပြင်ဆင်ကြပါသည်။ အချို့ကမူ ငွေဖလား၊ ကြေးဖလားများဖြင့် စနစ်တကျ ကိုင်ဆောင်ကြပါသည်။

**စီတန်းလှည့်လည်ခြင်း**

ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ရေအိုးများကို ခေါင်းပေါ်တွင် ရွက်၍သော်လည်းကောင်း၊ လက်ဖြင့် ကိုင်ဆောင်၍သော်လည်းကောင်း စီတန်းလှည့်လည်ကြပါသည်။ ဤသို့ သွားရာတွင် မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ်အဖွဲ့များက ရှေ့မှ ဦးဆောင်ကာ 'ကဆုန်လသာ၊ ညောင်ရေသွန်းပါလို့၊ သာသနာအဓွန့်ရှည်စေကြောင်း'စသည့် သီချင်းများ၊ သံချပ်များဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။ အမျိုးသမီးငယ်များက ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ ရေအိုးရွက်ထားသည့် မြင်ကွင်းမှာ အလွန်ပင် လှပတင့်တယ်လှပါသည်။

**ရေသပ္ပာယ်ခြင်း**

မဟာဗောဓိညောင်ပင်အနီးသို့ ရောက်သောအခါ ညောင်ပင်ကို လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကြပါသည်။ ထို့နောက် 'ဣတိပိသော' ဂုဏ်တော်များကို ရွတ်ဆိုကာ ညောင်ပင်၏ အမြစ်များသို့ ရေစင်များကို ဖြည်းညင်းစွာ သွန်းလောင်းကြပါသည်။ ဤသို့ သွန်းလောင်းရာတွင် မိမိတို့၏ စိတ်နှလုံးများ အေးချမ်းပါစေကြောင်း၊ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ပါစေကြောင်းနှင့် ခပ်သိမ်းသော သတ္တဝါတို့ ဘေးရန်ကင်းကွာပါစေကြောင်း ဆုတောင်းမေတ္တာပို့သကြပါသည်။

**ကဆုန်လနှင့် မြန်မာ့စာပေ**

မြန်မာ့စာပေလောကတွင် ကဆုန်လ၏အလှနှင့် ညောင်ရေသွန်းပွဲတော်အကြောင်းကို စာဆိုတော်များစွာက ဖွဲ့ဆိုခဲ့ကြပါသည်။ ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဘွဲ့ လေးဆစ်ကဗျာတွင် -

'စကားဝါငုံ သင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်ဖွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ။
စုံကန္တာ၊ ဟေမာမြိုင်ထဲ။
ရွှေကျေးပျံသင်လို့၊ စံပျော်ရွှင်
သည်ဟိုကူးလို့ငယ်၊
မြူးကြတဲ့ပွဲ'ဟု ကဆုန်လ၏ သဘာဝကို လှပစွာ ပုံဖော်ခဲ့ပါသည်။ ထို့ပြင် 'ကဆုန်လပြည့်၊ ဗုဒ္ဓနေ့၊ ညောင်ရေသွန်းကြစို့လေ'ဟူသော သီချင်းများမှာလည်း ယနေ့တိုင် လူထုကြားတွင် ရေပန်းစားလျက်ရှိပါသည်။ ကဆုန်လ၏ ရာသီပန်းဖြစ်သော စကားဝါပန်းသည်လည်း မြန်မာတို့၏စိတ်တွင် အေးမြမှုနှင့် သန့်ရှင်းမှုကို ကိုယ်စားပြုသော ပန်းအဖြစ် တည်ရှိနေပါသည်။

**မဟာဗောဓိညောင်ပင်၏အရေးပါမှုနှင့်သမိုင်းကြောင်း**

ဗုဒ္ဓဘာသာဝင်တို့အတွက် မဟာဗောဓိညောင်ပင် (Ficus religiosa)သည် သာမန်သစ်ပင်တစ်ပင် မဟုတ်ဘဲ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို သက်သေထူရာ 'ပရိဘောဂစေတီ'တစ်ဆူ ဖြစ်ပါသည်။ ဘုရားရှင်သည် ဤပင်ကို အမှီပြု၍ ဘုရားဖြစ်ခဲ့သဖြင့် ဤပင်ကို ရေလောင်းခြင်းသည် ဘုရားရှင်အား ပူဇော်ခြင်းနှင့် တူညီသည်ဟု ယုံကြည်ကြပါသည်။ ဗုဒ္ဓဝင်အရ ဂေါတမမြတ်စွာဘုရားရှင်သည် အပရာဇိတပလ္လင်ထက်၌ ဤညောင်ပင်ကို အမှီပြု၍ ဘုရားဖြစ်တော်မူခဲ့သည်။ သို့သော် သတိပြုရန်မှာ ပွင့်တော်မူခဲ့သမျှသော ဘုရားရှင်တိုင်းသည် ညောင်ပင်အောက်၌သာ ပွင့်တော်မူခဲ့ကြသည် မဟုတ်ပါ။ ဘုရားရှင် (၂၈) ဆူတို့တွင် တစ်ဆူနှင့် တစ်ဆူ ပွင့်တော်မူရာ ဗောဓိပင်များ ကွဲပြားကြပါသည်။ ဥပမာအားဖြင့် ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် ညောင်ကြပ်ပင် (Sal tree) အောက်၌ ပွင့်တော်မူခဲ့ပြီး ကဿပမြတ်စွာဘုရားရှင်သည် ပညောင်ပင် (Banyan tree) အောက်၌ ပွင့်တော်မူခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူရာ အပင်မှာမူ 'အဿတ္ထ'(Assattha) ဟုခေါ်သော ညောင်ဗောဓိပင် ဖြစ်ပါသည်။

ဤဗောဓိညောင်ပင်၏ မျိုးဆက်များသည်လည်း သမိုင်းဝင်လှပါသည်။ မူလဗောဓိပင်ကြီးကို ဖျက်ဆီးရန် ကြိုးပမ်းမှုများရှိခဲ့သော်လည်း ထိုအပင်မှ ပွားများလာသော အပင်ပျိုများကို သီရိလင်္ကာနိုင်ငံ အနုရာဓပူရမြို့သို့ ပို့ဆောင်စိုက်ပျိုးခဲ့ကြသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အပါအဝင် ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံများသို့ ဗောဓိပင်ပျိုများ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရေလောင်းလှူနေသော ညောင်ပင်များသည် မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူရာ မူလဗောဓိပင်ကြီး၏ မျိုးဆက်များဟု ဆိုနိုင်ပါသည်။

**ဒေသအလိုက်ညောင်ရေသွန်းပွဲတော်ဆင်နွှဲပုံများ**

မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် ညောင်ရေသွန်းပွဲတော်ကို မိမိတို့၏ ဒေသန္တရ ဓလေ့ထုံးစံများနှင့်အညီ စည်ကားစွာ ကျင်းပကြပါသည်။

ရန်ကုန်မြို့၏ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းပွဲတော်ကို အလွန်ခမ်းနားစွာ ကျင်းပပါသည်။ စေတီတော်၏ ထောင့်အသီးသီးတွင်ရှိသော မဟာဗောဓိညောင်ပင်များ၌ ရေသွန်းလောင်းရန်အတွက် လူတန်းကြီးမှာ စေတီတော်ရင်ပြင် တစ်ခုလုံး ပြည့်နှက်နေတတ်ပါသည်။ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ သံဃာတော်များ၏ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်မှုများဖြင့် အခမ်းအနားများမှာ ကြည်ညိုဖွယ်ရာကောင်းလှပါသည်။

မန္တလေးမြို့တွင်မူ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးဝန်းကျင်ရှိ ဗောဓိညောင်ပင်များတွင် ညောင်ရေသွန်းပွဲကို ကျင်းပကြပါသည်။ အလားတူ ၇၂လမ်း၊ ၄၁လမ်းနှင့်၄၂လမ်းကြားရှိ ဗောဓိကုန်း ညောင်ရေသွန်းပွဲနှင့်မြို့အနှံ့ ညောင်ရေသွန်းပွဲများတွင်မန္တလေးသူ၊ မန္တလေးသားတို့သည် ရိုးရာဝတ်စုံများဖြင့် အိုးစည်ဗုံမောင်း တီးမှုတ်ကာ စီတန်းလှည့်လည်ကြသည့် မြင်ကွင်းမှာ မြန်မာ့ယဉ်ကျေးမှု၏ ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သော ပုဂံတွင်မူ ရှေးဟောင်းစေတီပုထိုးများကြားရှိ ညောင်ပင်၊ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သော ပုဂံတွင်မူ ရှေးဟောင်းစေတီပုထိုးများကြားရှိ ညောင်ပင်ကြီးများတွင် ရွာသူ၊ ရွာသားများ စုပေါင်း၍ ညောင်ရေသွန်းကြပါသည်။ ပုဂံခေတ်ကဲ့သို့ပင် ရိုးရှင်းသော်လည်း သဒ္ဓါတရား ထက်သန်သော ပွဲတော်တစ်ခု ဖြစ်ပါသည်။

**ကဆုန်လ၏ ရာသီဥတုနှင့် စိုက်ပျိုးရေး**

ကဆုန်လသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးအတွက်လည်း အရေးပါသော လတစ်လ ဖြစ်ပါသည်။ 'ကဆုန် မိုးရွာ၊ ပြည်သာယာ'ဟူသော ဆိုရိုးစကားရှိပါသည်။ ကဆုန်လတွင် မိုးဦးကျ မိုးကလေးများ ရွာသွန်းတတ်ရာ ထိုမိုးသည် လယ်သမားများအတွက် ထွန်ယက်စိုက်ပျိုးရန် အချက်ပေးခေါင်းလောင်းသံ ဖြစ်ပါသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပချိန်တွင် ရွာသွန်းသော မိုးကို 'ညောင်ရေသွန်းမိုး'ဟုလည်း ခေါ်ဆိုကြပါသည်။ ဤမိုးသည် ပူပြင်းလှသော မြေပြင်ကို အေးမြစေပြီး သီးနှံများ ဖြစ်ထွန်းရန် အခြေခံကောင်းကို ဖန်တီးပေးပါသည်။

**ညောင်ရေသွန်းခြင်း၏ အကျိုးကျေးဇူးနှင့် သင်ခန်းစာ**

ညောင်ရေသွန်းခြင်းသည် ဘာသာရေးအရ ကုသိုလ်ရရုံသာမက လက်တွေ့ဘဝအတွက်လည်း သင်ခန်းစာများစွာ ပေးပါသည်။

၁။ ကျေးဇူးသိတတ်မှု- မိမိအား အေးရိပ်ပေးသော၊ မိမိကိုးကွယ်သော ဘုရားရှင်အား အမှီပြုရာဖြစ်သော သစ်ပင်ကို ပြုစုစောင့်ရှောက်ခြင်းဖြင့် ကျေးဇူးတရားကို ဖော်ကျူးပါသည်။

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု- အပူဆုံးလတွင် သစ်ပင်များကို ရေလောင်းခြင်းဖြင့် သစ်ပင်များ ရှင်သန်စေရန် ပြုလုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေပါသည်။

၃။ စိတ်ရှည်သည်းခံမှု-ပူပြင်းလှသော ရာသီဥတုအောက်တွင် စီတန်းလှည့်လည်၍ ရေလောင်းခြင်းသည် ခန္တီစမ္မတ္တိ(သည်းခံခြင်း)တရားကို လေ့ကျင့်ရာ ရောက်ပါသည်။

၄။ စုပေါင်းအင်အား-တစ်ဦးတည်း မစုပေါင်းအင်အား-တစ်ဦးတည်း မဟုတ်ဘဲ အများစုပေါင်းဆောင်ရွက်ခြင်းဖြင့် ညီညွတ်မှု၏အရသာကို ခံစားရစေပါသည်။

**ဆုတောင်းလွှာ**

ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ နှလုံးသားတွင် အမြဲရှင်သန်နေသော ပွဲတော်မြတ် ဖြစ်ပါသည်။ ဤပွဲတော်ကို ဆင်နွှဲခြင်းဖြင့် ကျွန်ုပ်တို့သည် မြတ်စွာဘုရားရှင်၏ လမ်းစဉ်ကို လိုက်နာရန်၊ မေတ္တာတရား ပွားများရန်နှင့် မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန် သန္နိဋ္ဌာန် ချမှတ်ကြရမည် ဖြစ်ပါသည်။ ကဆုန်လ၏ အပူရှိန်ကို ညောင်ရေအေးဖြင့် ငြိမ်းသတ်သကဲ့သို့ လောကကြီးတွင် ဖြစ်ပေါ်နေသော ဒေါသ၊ မောဟ အပူမီးများကိုလည်း မေတ္တာတရား၊ ပညာတရားတို့ဖြင့် ငြိမ်းသတ်နိုင်ကြပါစေ။ မြန်မာပြည်သူ၊ ပြည်သားအပေါင်းနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဘေးရန်ကင်းကွာ၍ စိတ်နှလုံးအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လူမှုရေးနှင့်စာနာထောက်ထားမှု**

ညောင်ရေသွန်းပွဲတော်သည် ဘာသာရေး သက်သက်သာမက လူမှုရေးအရလည်း စည်းလုံးမှုကို ဖြစ်စေပါသည်။ ပွဲတော်နေ့တွင် စေတနာ့ဒိသာ ကျွေးမွေးခြင်း၊ ရေအေးလှူဒါန်းခြင်း၊ လမ်းသွားလမ်းလာများကို ဖျော်ရည်များ တိုက်ကျွေးခြင်းတို့သည် မြန်မာတို့၏ စေတနာကို ဖော်ပြနေပါသည်။ ထို့ပြင် 'ဇီဝိတဒါန'အဖြစ် ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းများကို ပြုလုပ်ကာ သတ္တဝါတို့၏ အသက်ကို ကယ်တင်ခြင်းဖြင့် ကုသိုလ်ယူကြပါသည်။

**နိဂုံး**

ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်သည် မြန်မာလူမျိုးတို့၏ သဒ္ဓါတရား၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာတို့ကို ပေါင်းစပ်ထားသော ပွဲတော်မြတ် ဖြစ်ပါသည်။ ပူပြင်းလှသော နွေရာသီတွင် ညောင်ပင်ကြီးများကို ရေလောင်းလှူခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သကဲ့သို့ မိမိတို့၏ စိတ်နှလုံးကိုလည်း မေတ္တာရေစင်ဖြင့် အေးမြစေပါသည်။ ဤလှပသော ရိုးရာအစဉ်အလာကို နောင်လာနောက်သားများ လက်ထက်တိုင်အောင် ဆက်လက်ထိန်းသိမ်းသွားကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အဓွန့်ရှည်တည်တံ့နေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ကဆုန်လပြည့်နေ့၏ ထူးခြားသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံကာ အေးချမ်းသာယာသော ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေသတည်း။

**အောင်စိုး(လူမှုဝန်ထမ်း)**

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆုချီးမြှင့်ပွဲ ကျင်းပ



မြစ်သား ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ညောင်ဝန်းကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသည် ကျောင်းသား၊ ကျောင်းသူများ လူတော်လူကောင်းများဖြစ်စေရန်၊ ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းတတ်စေရန်၊ အနန္တောအနန္တ ငါးပါး၏ ဂုဏ်ကျေးဇူးတို့ကို သိတတ်စေရန်၊ စိတ်ထားနူးညံ့စေရန်၊ ပိုမိုယဉ်ကျေးလိမ္မာလာသော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန် ရည်ရွယ်၍ မတ် ၁၂ ရက်မှ ဧပြီ ၁၂ ရက်အထိ တစ်လအကြာ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံး၍ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဧပြီ ၂၅ ရက် နံနက်၇ နာရီက ညောင်ဝန်းကျေးရွာရှိ ညောင်ဝန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ ညောင်ဝန်းကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိစိတ္တက ဩဝါဒစကား မိန့်ကြားခဲ့သည်။ ဆက်လက်၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် အကြီးတန်းနှင့် အငယ်တန်း စာမေးပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ ၃၂ ဦးအား ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်း၊ အထူးဆု ငွေကျပ် နှစ်သောင်း၊ ရှိုးရှိုးအောင် ငွေကျပ် တစ်သောင်းကို သံဃာတော်များနှင့် တာဝန်ရှိသူများက အသီးသီးချီးမြှင့်ခဲ့သည်။

ညောင်ဝန်းကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသည် ယဉ်ကျေးလိမ္မာသင်တန်း ဆုချီးမြှင့်ပွဲအတွက် ပါဝင်ကူညီလှူဒါန်းကြသည့် အလှူရှင်များအတွက် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

*-*-*-*-*-*

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ကျိုင်းလပ် ဧပြီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းလပ်မြို့၌ ဒေသခံတောင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတွင် စနစ်တကျ ပြန်လည်အသုံးချတတ်စေရန် ရည်ရွယ်၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ(ခရိုင်အဆင့်)ကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက နမ်ခင်းကျေးရွာအုပ်စု၊ ဝမ်တုံကျေးရွာ ဝမ်တုံရှမ်း ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးထက်က "စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်(၃)က "ရာသီဥတုပြောင်းလဲမှု တောမီးနှင့် မီးခိုးမြူငွေ့လျှော့ချရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနများမှ အော်ဂဲနစ်(Organic) စိုက်ပျိုးရေးအကြောင်းနှင့် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများတွင် စနစ်တကျ ပြန်လည်အသုံးပြုရေးကိုလည်းကောင်း၊ တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဌာနအလိုက် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူသူများက သိလိုသည်များကို မေးမြန်းရာ ပြည်သူများ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပြီး ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးထွေးက "တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများပုံစံ(၁)နှင့် တောမီးလောင်ကျွမ်းမှုမရှိစေရေးသတိပြုရန် ပုံစံ(၂)" ဗီနိုင်းပိုစတာအား ဝမ်တုံကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နမ်ခင်းကျေးရွာအုပ်စုရှိ ကျေးရွာများမှ ရှမ်း၊ အာခါ၊ လားဟူဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မြန်မာ၊ ရှမ်း၊ လားဟူ၊ အာခါဘာသာများဖြင့် ထုတ်ဝေထားသော မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ၁၃၀ ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## စာနာ,ဖေးကူ နှလုံးသားလှသူ

* လူတိုင်းဝယ် နှလုံးသား
ထုံမွှမ်းထား မြတ်စာပေ။
သည်ကမ္ဘာ အလှတိုး
မြတ်နိုးပါလေ။

* အမှန်,အမှား လမ်းညွှန်နေ
အသိတွေ ပေးဝေထား။
စာပေကို ရေး,ဖတ်ကြလို့
လှပစေသား။

* လောကစံ မှန်တိုင်းကား
တို့အများ ဖြတ်ကျော်ကွယ်။
ရိုင်းပင်းကာ ကူညီလျက်
ရှေ့ဆက်ကြမယ်။
ပြည့်အကျိုး ထမ်းရွက်သယ်
အတ္တ,ရယ် နှင်ထုတ်ထား။

* ဘဝကို ပုံကာအပ်လို့
ပေးဆပ်ပျော်ပါး။

* စီးဆင်းနေ ဒီရေ,အလား
မေတ္တာစိတ်ကား အေးမြကွယ်။
လူတိုင်းအပေါ် စာနာကြ
ဖေးမ, ကူမယ်။

* နှလုံးသား လှသူရယ်
ရင်ထဲဝယ် အမုန်းမရှိ။
ပန်းကဗျာရေးသီကုံးလို့
(အိုကွယ်)
ရွှင်ပြုံးပျော်မိ။ ။

ဇဂျမ်းရွာကျောင်းအိုသား




# အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကန့်ဘလူ ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ယနေ့ နံနက်ပိုင်းက ကန့်ဘလူမြို့ မြို့မဈေးရှေ့၊ ဈေးအတွင်း၌ ဈေးသူ၊ ဈေးသားများ၊ လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခိုင်ဦး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးလွင်၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာကျော်ကျော်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့က မြို့တော်ခန်းမ၌ အပူရှောင်စခန်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ကျောက်ဆည်မြို့ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားဝင်းတွင် စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဧပြီ ၂၆**

ကျောက်ဆည်ခရိုင်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ဘုရားဖူးပြည်သူများနှင့် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆည်တော်နံ့ရွှေမုဋ္ဌော ဘုရားဝင်း



အတွင်းနေရာနှင့် အပြင်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီ က သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း များပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၃၀ ဦးကျော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အုတ်ကျိုး၊ အုတ်ပဲ့များ၊ အင်္ဂတေအကျိုးများ၊ သစ်ရွက်၊ သစ်ကိုင်းအခြောက်များနှင့် အမှိုက်မျိုးစုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ မြို့သန့်ရှင်းသာယာရေးမြို့တွင်း၊ မြို့ပြင်နှင့် လမ်းဘေးဝဲ၊ ယာ နေရာများ၊ ဘိုးဘွားရိပ်သာ၊ ပြည်သူ့ဆေးရုံဝင်းနေရာများအား အပတ်စဉ် ဆက်လက်၍ စုပေါင်းသန့်ရှင်းခြင်းများ ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)

## မွေးနေ့အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က မွေးနေ့အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ထို့နောက် U.S.A နေ ဦးမောင်ချို+ဒေါ်ခင်သန်းမြင့်မိသားစုက ဒေါ်ခင်သန်းမြင့်၏ (၇၃)နှစ်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၇၉ သိန်း၊စုစုပေါင်း ငွေကျပ် ၈၉ သိန်းကို မန္တလေးမြို့နေ မိသားစုများက လှူဒါန်းရာ ဉပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) PNT**



## ပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**မန္တလေး ဧပြီ ၂၆**

ချမ်းအေးသာစံမြို့နယ်၊သံဃနာယကအဖွဲ့မှ ကြီးမှူး၍ ရပ်ကွက်သံဃနာယကအဖွဲ့မှ ဦးဆောင်ကာ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက သီရိဟေမာအရှေ့ရပ်ကွက်ရှိ ဒက္ခိဏာဝန်ကျောင်းတိုက်တွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းတိုက်ကန့်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္ကက အဖွင့်သြဝါဒစကား မိန့်ကြား၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ သင်တန်းဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြသံဃာတော်များက သင်တန်းကို စတင်ပို့ချသည်။



အဆိုပါ ဖွင့်ပွဲသို့ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသည့် အဖွဲ့ဝင်ဆရာတော်များ၊ သင်တန်းနည်းပြသံဃာတော်များ ကြွရောက်တော်မူကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလင်းဖြိုးနှင့် ရာအိမ်မှူးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထိုသင်တန်းကို ဉပုသ်နေ့များမှအပ နေ့စဉ် မွန်းတည့် ၁၂ မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ကုသိုလ်ရှင်များက စာရေးကိရိယာနှင့် အာဟာရဒါနများ လှူဒါန်းခြင်းနှင့် အခြားလိုအပ်သည်များကို ရပ်ကွက်သံဃနာယကအဖွဲ့နှင့် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၀၇၂)

## စတုဒိသာကုသိုလ်ယူကျွေးမွေးလှူဒါန်း

**မန္တလေး ဧပြီ ၂၆**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ၃၆လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ နေဖွန့်ဝမ်းစတားတာယာရောင်းဝယ်ရေးဆိုင်ရှေ့တွင် ယမန်နေ့ ညနေပိုင်းက ဒေါ်အမာ(သား)ဦးမောင်ထွေးမိသားစုက တာယာအရောင်းဆိုင်သို့ လာရောက်အားပေးကြသော မိတ်ပြည်သူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လေးပြင်လေးရပ်ရှိ လူပုဂ္ဂိုလ် ၇၀၀ ကျော်အား ထမင်းနှင့် ကြက်သားသပြွန်း၊ ငရုတ်သီးကြော်၊ သရက်ချဉ်၊ အအေးများဖြင့် စတုဒိသာကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(၀၅၃)**





## (၂၁၃)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဧပြီ ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်းလမ်း၆၀နှင့်၂၈(B)လမ်းထောင့်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၁၃)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရုဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီးဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၂၁၃)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီးဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့်သားတပည့်များမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်)မိသားစု၊ ဒေါ်မမအားရည်စူး၍(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုခင်မောင်ရီနှင့် ဖနီးမိသားစု၊ လယ်ကိုင်းတိုက်အရှေ့၊ ကျောင်းဆရာတော်ဦးဆန္ဒောဒရ၊ ဦးချစ်သန်းမိသားစု၊ ကိုတင်မောင်သန်း+မချို(မြေစာရင်း)မိသားစု ဒေါ်သန်းကြည်အားရည်စူး၍ ကျန်ရစ်သူမိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)

## ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများအား ထောက်ပံ့ကူညီ

**မိုးကုတ် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်သို့ ရောက်ရှိသော ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ဧပြီ ၂၃ ရက်က မိုးကုတ်မြို့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့်ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များက အဆိုပါယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ၏ လက်ဝယ်အရောက် မိသားစုအသုံးအဆောင်ပစ္စည်းများနှင့်စောင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



အလားတူတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် စဉ့်ကူးမြို့သို့ ရောက်ရှိပြီး စဉ့်ကူးမြို့နယ်တွင် မီးလောင်မှုကြောင့် ထိခိုက်ခံစားရသော အိမ်ထောင်စု ၁၅၀ အား မိသားစုအသုံးအဆောင်ပစ္စည်းများနှင့်စောင်တို့ကိုထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ထို့အတူ ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် စဉ့်ကူးမြို့နယ် ကြက်ခြေနီအသင်းခွဲအတွက် ရှေးဦးပြုစုခြင်းဆေးအိတ်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ (၀၄၅)

# ဉာဏ်မျက်စိအလင်းထွန်းညှိခြင်း

လောကသို့လူဖြစ်လာရခြင်းသည် လောကကို မိမိအတွက် အသုံးချရန် မဟုတ်ဘဲ မိမိကိုယ်ကိုသာ လောကအတွက် အသုံးချရန် ဖြစ်၏။

ဆရာကြီးဦးရွှေအောင်၏(ဗုဒ္ဓဝါဒပေါ်ထွန်းခြင်း)စာအုပ်မှာ "မနုဿတ္တဘာဝေါ ဒုလ္လဘော"ဟူသော စကားရှိပါသည်။ လူ့ဘဝသည် ရတောင့်ရခဲသော အမြင့်ဆုံးဘဝ ဖြစ်ပါသည်။ ကံ,ကံ၏အကျိုးဆက်ကြောင့်သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ ချို့ယွင်းချက်များရှိတတ်ကြပါသည်။ လူသားတစ်ဦးသည် ကိုယ်လက်အင်္ဂါတစ်ခုခု ချို့ယွင်းချက်ရှိရုံဖြင့် မိမိဘဝကို လက်မြှောက်အရှုံးမပေးသင့်ပေ။

"လောကမှာ မျက်စိမြင်တာ၊ မမြင်တာထက် မိမိစိတ်ထဲမှာ ကောင်းမွန်သော(ကုသိုလ်စိတ်) အတွေးအမြင်တွေ အမြဲရှိနေဖို့ အရေးကြီးပါသည်။ စိတ်ကောင်း၊ နှလုံးကောင်းနဲ့ မိမိဘဝကို လောကအကျိုးအတွက်၊ လူအများကောင်းကျိုးအတွက်၊ မိမိရဲ့မိဘညီအစ်ကိုမောင်နှမများရဲ့ အကျိုးအတွက် မိမိက အနစ်နာခံ၍ အစွမ်းကုန်ပေးဆပ်ရပါမည်။ ကျေးဇူးပြုပေးရပါမည်။ စိတ်နေစိတ်ထားဖြူဖြူစင်စင်နဲ့ စေတနာထားကာ ဆောင်ရွက်ပေးမည်ဆိုပါလျှင် ဘဝဟာ အေးချမ်းသာယာလှပကြပါမည်။

လောကီလောကုတ္တရာကြီးပွားတိုးတက်ရေးမှာ အမြင်ကျယ်ဖို့ အရေးကြီးလှ၏။ ပသာဒစက္ခုနဲ့လည်း အမြင်ကျယ်ရမည်။ ဉာဏ်စက္ခုလည်း ရှိရမည်။ လူသားတိုင်းအတွက် ဉာဏ်စက္ခုက အရေးကြီးဆုံးဖြစ်၏။

လောကလူသားတို့ကို အနှစ်ချုပ်လိုက်လျှင်-

(၁) တစ်ဖက်မြင်,တစ်ဖက်ကန်းပုဂ္ဂိုလ်(ဧက·စက္ခု)

(၂) နှစ်ဖက်လုံး,စုံလုံးကန်းပုဂ္ဂိုလ်(အန္ဓ·စက္ခု)

(၃) နှစ်ဖက်လုံးအမြင်ကောင်းသောပုဂ္ဂိုလ်(ဒွိ·စက္ခု)

သုံးမျိုးရှိကြောင်း မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့လေ၏။

(၁) တစ်ဖက်မြင်ဟူသည် လောကီစီးပွားရေးတိုးတက်ရေးမှာ အမြင်သန်၏၊ အမြင်ကောင်း၏၊ အရာရာတိုင်းမှာ တိုးတက်ကြီးပွားအောင် စွမ်းဆောင်နိုင်၏၊ ဉာဏ်မျက်စိအမြင်သန်လှ၏၊ အမြင်ကျယ်လှ၏၊ အမြင်ကောင်းလှ၏။

သို့သော် သံသရာရေးအတွက် ကုသိုလ်ကောင်းမှုပြုဖို့ကို စိတ်ဝင်စားမှုမရှိဘဲ ကံ,ကံ၏အကျိုးတရားကို ယုံကြည်မှု၊ သဒ္ဓါတရားခေါင်းပါး၏။ စာပေဗဟုသုတနည်းပါး၏။ စေတနာသဒ္ဓါတရားနည်းပါး၏။ တရားလည်း မနာပါ။ ဘာတစ်ခုမှ ကုသိုလ်မပြုပါ။ ကုသိုလ်ပြုဖို့လည်း စိတ်မဝင်စားပါ။ ဉာဏ်မျက်စိ တစ်လုံးကန်းနေပါသည်။ "လောကီသာစွမ်း-လောကုတ္တရာကန်း" အေးချမ်းသာယာမှုမရှိပါ။

(၂) နှစ်ဖက်လုံး စုံလုံးကန်းဟူသည် လောကီစည်းစိမ်၊ ဥစ္စာရတနာတို့ကို ရအောင်မရှာနိုင်ပါ။ အစွမ်းအစမရှိ လုပ်ရည်ကိုင်ရည်မရှိ။ လုံ့လဝီရိယမရှိ။ စဉ်းစားဉာဏ်မရှိ။ မိတ်ကောင်း၊ ဆွေကောင်းမရှိ။ ဝင်ငွေထွက်ငွေ မမျှတ။ အဝင်နည်းကာ အထွက်များလှပေ၏။ ကံမဲ့,ဉာဏ်မဲ့ အမွဲသံသရာလည်နေ၏။

သံသရာရေးအတွက် ဒါနပြုဖို့စိတ်မဝင်စား ကုသိုလ်ကောင်းမှုပြုဖို့ နည်းပါး၏။ ငါးပါးသီလလည်း မမြဲပါ။ ဘာဝနာဆိုတာလည်း မပွားများပါ။ "လောကီလည်းကန်း၊ လောကုတ္တရာလည်းကန်း"သူ။ ထိုလူမျိုးကို "အန္ဓစက္ခုစုံလုံးကန်းသူဟု မြတ်ဗုဒ္ဓက မိန့်ကြားတော်မူ၏။

(၃) "နှစ်ဖက်မြင် နှစ်ဖက်လင်း"သူသည် လောကီရေးရာ အဖြာဖြာ စီးပွားဥစ္စာရတနာတို့ကို ရအောင်ရှာနိုင်၏။ လောကုတ္တရာကုသိုလ်ရေးမှာလည်း အလှူကြီး၊ အလှူငယ်တို့၌ ရက်ရက်ရောရော လှူဒါန်းပေးကမ်းနေ၏။ ကိုယ်ကျင့်သီလလည်း ကောင်းမွန်၏။ အချိန်တိုင်းမှာ ဘာဝနာတရားတို့ကို ကြိုးကြိုးစားစား အားထုတ်နေ၏။ အနီးပုဂ္ဂိုလ်မျိုးကို မြတ်ဗုဒ္ဓက "ဒွိစက္ခု"နှစ်ဖက်မြင်, နှစ်ဖက်လင်း"သည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်ဖြင့် ချီးမွမ်းတော်မူ၏။

အမှောင်ကမ္ဘာမှာ မျက်မမြင်လူသားများကို လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းသင်ကြားပေးခြင်းအားဖြင့် အမြင်မသန်သော်လည်း စွမ်းနိုင်သောသူများဖြစ်လာကာ အမှောင်ခွင်း၍ အလင်းဝေသူများ ဖြစ်လာနိုင်ပါသည်။

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးအတွက် ချမှတ်ထားသော "Vision 2020" ဟူသော ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်မှာရှိသော လူသားအားလုံး၏အမြင်သန်စွမ်းမှုသည် အကောင်းဆုံးဖြစ်ရမည်ဟူသော ရည်ရွယ်ချက်၊ ရည်မှန်းချက် ဖြစ်ပါသည်။ လူသားတိုင်း အမြင်သန်စွမ်းမှု၊ အခွင့်အရေး ရရှိကြရမည်။ တစ်နည်းအားဖြင့် ကာကွယ်ကုသ၍ရသော မျက်မမြင်ရောဂါများ ပျောက်ကွယ်၍ အလင်းရကြမည်"ဟူသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ဖြစ်ပါသည်။

"Vision 2020" ဟူသော လှုံ့ဆော်ရေးအထိမ်းအမှတ်ကို ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျီနီဗာဌာနချုပ်၌ WHO ညွှန်ကြားရေးမှူးချုပ်က စတင်ဖွင့်လှစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် Vision 2020 ရည်မှန်းချက် လှုံ့ဆော်မှုကို ၂၀၀၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ကြသည်။ နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ဒုတိယပတ် ကြာသပတေးနေ့ကို "World Sight Day ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့"ဟု သတ်မှတ်ခဲ့ကြသည်။

ထိုရည်မှန်းချက်အောင်မြင်ရန်အတွက် တစ်ကမ္ဘာလုံးမှာရှိသော နိုင်ငံ့အစိုးရများ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ပရဟိတစေတနာရှင်များ၊ မေတ္တာရှင်၊ ဒါနရှင်များ၊ လှူဒါန်းကြသူများ အတတ်ပညာရှင်များ၊ တိုးမြှင့်ပူးပေါင်းဖြေရှင်းစေရန် တိုက်တွန်းနှိုးဆော်ပေးခြင်း ဖြစ်ပါသည်။

"World Sight Day"၏ ရည်ရွယ်ချက်(၃)ရပ်မှာ-

(၁) မျက်စိရောဂါများကို တိုးမြှင့်ကာကွယ်နှိမ်နင်းခြင်း၊

(၂) မျက်စိရောဂါကာကွယ်ကုသမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးစေခြင်း၊

(၃) နည်းပညာနှင့် အခြေခံအဆောက်အအုံများ တိုးပွားစေခြင်းတို့ ဖြစ်ပါသည်။

စာရေးသူသည် မန္တလေးမြို့က စာပေအနုပညာရှင်များနှင့်အတူ ဆရာတော်ဦးဥေယျ၏ ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်းကို သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ခဲ့သည့်အကြောင်းရင်းမှာ ဆရာတော် ဦးဥေယျ၏ ပြင်ဦးလွင်ပရဟိတ မျက်မမြင်ဘက်စုံပညာသင်ကျောင်း (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်းမှာ စာရေးသူ၏"လမ်းဆက်လျှောက်မယ်"ကဗျာ ဖော်ပြပါရှိသောကြောင့် ငွေရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

ထိုအခမ်းအနားတွင် ဆရာတော်ဦးဥေယျ၏ ဒကာ၊ ဒကာမများ၊ စေတနာရှင်၊ အလှူရှင်၊ ဒါနရှင်များက လှူဖွယ်ပစ္စည်းအစုစုကို လှူဒါန်းကြပြီး ကြွရောက်လာကြသည့် ဧည့်သည်တော်များကို စေတနာသဒ္ဓါတရားထက်သန်စွာ ကျွေးမွေးဧည့်ခံကြပါသည်။ ထိုအခမ်းအနားတွင် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းနှင့် ကဗျာစာမူခ၊ ကြံတိုင်းအောင်လွယ်အိတ်တစ်လုံး၊ ငွေရတုဂုဏ်ပြုလွှာမှတ်တမ်းများကို ဆရာတော်ဦးဥေယျ၏ ကိုယ်စား ဆရာကိုလေး(အင်းဝဂုဏ်ရည်)မှ စာရေးသူကို ချီးမြှင့်ပါသည်။

ပြင်ဦးလွင်ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်းသည် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားအနီးတွင် တည်ရှိပါသည်။ ထိုကျောင်းကို စတင်တည်ထောင်သည့် ပုဂ္ဂိုလ်မှာ ဆရာတော်ဦးဥေယျ ဖြစ်ပါသည်။ ဆရာတော်သည် မျက်မမြင်ပုဂ္ဂိုလ် ဖြစ်ပါသည်။

ပြင်ဦးလွင်ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်းတွင်-

(၁) လက်စမ်းစူးဖောက်(မျက်မမြင်စာပေ)အရေးအဖတ်

(၂) လောကုတ္တရာစာပေ

(၃) အစိုးရအတန်းပညာ(သူငယ်တန်းမှ တက္ကသိုလ်အထိ)

(၄) ဗေဒင်ပညာ(နက္ခတ်၊ တားရော့)

(၅) ဂီတအနုပညာ(မြန်မာ့ဂီတ၊ ခေတ်ပေါ်ဂီတ)

(၆) လက်မှုပညာ(ဝါး၊ ကြိမ်၊ သိုးမွေး၊ ဇာထိုး၊ ပန်းထိုး)

(၇) လက်နှိပ်အကြောပြင်(မြန်မာ၊ ဂျပန်) စသည့် ပညာရပ်များကို စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စအဝဝတို့ကို တာဝန်ယူ၍ လူမျိုးမရွေး ဘာသာမခြား အခမဲ့သင်ကြားပေးလျက်ရှိပါသည်။

"ဝေဒနာသည်တို့ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လုပ်ကျွေးပြုစုခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းသည်၊ ငါဘုရားကို ကြည်ညိုလှူဒါန်းခြင်း ဖြစ်၏"ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့၏။

"ကံရှိမှ ဉစ္စာတင်,ဉာဏ်ရှိမှ ဟုတ်ရာမြင်"ဆိုရိုးစကားတွင် "ဉာဏ်ရှိမှ ဟုတ်ရာမြင်"ဆိုသည်မှာ မမြဲနှင့်အမြဲ-လက္ခဏာရေးတရား,မမှန်နှင့် အမှန်သစ္စာတရားမှ-မကောင်းနှင့် အကောင်း၊ ကံတရား၊ သူ့အကျိုးပရ၊ ကိုယ့်အကျိုးအတ္တတို့ကို ခွဲခွဲခြားခြားမြင်တတ်သော သဘောသည် ဉာဏ်၏စွမ်းရည်ပင် ဖြစ်၏။ ၎င်းဉာဏ်မရှိသူကို အမြင်မကျယ်သူဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။ ၎င်းဉာဏ်ရှိသူကို အမြင်ကျယ်သူဖြစ်အောင် ဉာဏ်မျက်စိအလင်းကို ထွန်းညှိပေးကြရပါမည်။

ထို့ကြောင့် လူတစ်ယောက်သည် မျက်စိအမြင်အာရုံ အားမကောင်းပေမယ့် ပညာမျက်စိ,ဉာဏ်မျက်စိရှိနေပါလျှင် အလင်းမီးအိမ်ထွန်းညှိပြလိုက်သကဲ့သို့ အဝိဇ္ဇာတရားတွေ အမှောင်မိုက်တရားတွေ ကင်းစင်သွားပြီး လူ့လောကရဲ့ သစ္စာတရားကို ထိုးထွင်းသိမြင်ကာ ဘဝရဲ့ချမ်းသာခြင်း သုခနဲ့ပြည့်ဝနိုင်ကြမည်ဖြစ်ကြောင်း စေတနာထားကာ ရေးသားတင်ပြလိုက်ရပါသည်။

မိုးထက်ကို(အမရပူရ)

---

**ကံရှိမှ ဉစ္စာတင်,ဉာဏ်ရှိမှ ဟုတ်ရာမြင်" ဆိုရိုးစကားတွင်" ဉာဏ်ရှိမှ ဟုတ်ရာမြင်" ဆိုသည်မှာ မမြဲနှင့် အမြဲ-လက္ခဏာရေး တရား, မမှန်နှင့် အမှန်သစ္စာတရားမှ-မကောင်းနှင့် အကောင်း၊ ကံတရား၊ သူ့အကျိုးပရ၊ ကိုယ့်အကျိုးအတ္တတို့ကို ခွဲခွဲခြားခြား မြင်တတ်သော သဘောသည် ဉာဏ်၏စွမ်းရည်ပင်ဖြစ်၏။ ၎င်းဉာဏ်မရှိသူကို အမြင်မကျယ်သူဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။ ၎င်းဉာဏ်ရှိသူကို အမြင်ကျယ်သူဖြစ်အောင် ဉာဏ်မျက်စိအလင်းကို ထွန်းညှိပေးကြရပါမည်။**

# အမိဌာန်အောင် နောင်တော်ကြီးစေတီအား ထီးတော်နှင့် စိန်ဖူးတော်တင်လှူ



**မန္တလေး ဧပြီ ၂၆**

မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာစေတီတော် စနေထောင့်ရှိ ငလျင်ကြောင့် ထိခိုက်ခဲ့ရသော အမိဌာန်အောင် နောင်တော်ကြီးစေတီအား ပြန်လည်မွမ်းမံပြင်ဆင်ပြီးနောက် ထီးတော်အဆင့်ဆင့်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီက အဆိုပါ စေတီရင်ပြင်တော်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာလောကရံသီ အိမ်တော်ရာစေတီအလှည့်ကျဂေါပကအဖွဲ့နှင့် နောင်တော်ကြီးစေတီ ပြန်လည်ပြင်ဆင်မွမ်းမံရေးအဖွဲ့များ၊ အလှူရှင်များက ထီးတော်နှင့် စိန်ဖူးတော်တို့ကို ပင့်ဆောင်ကာ မဟာလောကရံသီ အိမ်တော်ရာစေတီအား လက်ယာရစ်လှည့်လည်အပူဇော်ခံပြီးနောက် စနေထောင့်ရှိ အမိဌာန်အောင် နောင်တော်ကြီးစေတီရှေ့သို့ သွားရောက်ပြီးနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ထီးတော်အဆင့်ဆင့်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမိဌာန်အောင် နောင်တော်ကြီးစေတီအား အလှူရှင် မန္တလေးမြို့ ဒေါင်းရိုးရပ်နေ ဦးကြည်ဝင်း + ဒေါ်ကြည်စန်း၊ (ညီမ) ဒေါ်ခင်စန်းဝင်း (ကျော့ကျော့ခိုင်သစ်သီးရောင်းဝယ်ရေးမိသားစု)၊ ရွှေမန်းဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများအဖွဲ့၊ ဘားအံမြို့နှင့် ဦးအောင်ခိုင်လင်း+ဒေါ်မြတ်သန္တာ(ဇကရီသက်န်းတိုက်မိသားစု)တို့က စုပေါင်း၍ ပြုပြင်မွမ်းမံပြင်ဆင်ပြီး ထီးတော်အဆင့်ဆင့်နှင့် စိန်ဖူးတော်ကို တင်လှူပူဇော်ခြင်း ဖြစ်သည်။

ထီးတော်အဆင့်ဆင့်နှင့် စိန်ဖူးတော်တင်လှူပြီးနောက် ချမ်းအေးသာစံမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘန္တဒ္ဒဝိစုရနှင့် ပင့်သံဃာတော်များက ဘုရားအနေကဇာတင်မင်္ဂလာကို ဆင်ယင်ကျင်းပကာ နောင်တော်ကြီး စေတီတော်ပြန်လည်ပြုပြင်မွမ်းမံရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမိဌာန်အောင် နောင်တော်ကြီးစေတီသည် အမရပူရခေတ် စတုတ္ထနန်းစံ ပုဂံမင်းလက်ထက်တွင် မဟာလောကရံသီအိမ်တော်ရာစေတီအတည်မှီပုံစံငယ်အဖြစ် နောင်တော်ကြီးစေတီကို ဦးစွာတည်ကာ ၄င်းပုံစံငယ်အတိုင်း မဟာလောကရံသီအိမ်တော်ရာစေတီအား တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၃၂)



# မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမိတ်ဆက်ပွဲ ကျင်းပ

**စစ်ကိုင်း ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ မြို့မိ၊ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံမိတ်ဆက်ပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက နန်းယွန်း မြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

နန်းယွန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက တွေ့ဆုံမိတ်ဆက်ပွဲ အဖွင့်အမှာစကားပြောကြားပြီး နန်းယွန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက တစ်ဦးချင်း မိတ်ဆက်ကြသည်။ ထို့နောက် နန်းယွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက နာဂဒေသ၊ နန်းယွန်းမြို့နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများက ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်နှင့်ပတ်သက်၍ ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြရာ နာဂဒေသလွှတ်တော်ကိုယ်စားလှယ်များက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

တွေ့ဆုံမိတ်ဆက်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

# ဘက်စုံသုံးခန်းမ ဆောက်လုပ်ရန် မြေနေရာကွင်းဆင်းတိုင်းတာ

**ပူတာအို ဧပြီ ၂၆**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရက် (၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မည့် ပမ္မတီးကျေးရွာအုပ်စု၊ ရေနီတိုကျေးရွာတွင် အလျား ပေ ၂၀၊ အနံပေ ၃၀၊ အမြင့်၁၂ပေ ဘက်စုံသုံးခန်းမဆောက်လုပ်ရန် မြေနေရာကွင်းဆင်းတိုင်းတာခြင်းနှင့် ဆာရ်ခွမ်းဒမ်းကျေးရွာတွင် အလျား ပေ ၂၀၊ အနံ ပေ ၄၀၊ အမြင့်၁၂ ဘက်စုံသုံးခန်းမ တိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းအတွက် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက အဆိုပါ ကျေးရွာနှစ်ရွာ မြေပြင်ကွင်းဆင်း၍ တိုင်းတာခြင်းလုပ်ငန်းများကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းတိုင်းတာခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ရန်အတွက် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက် (၁၀၀)စီမံချက်ဖြင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်း ရန်ပုံငွေ ၁၅ သန်းဖြင့် ဘက်စုံသုံးခန်းမ ဆောက်လုပ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က ပြောသည်။ (အောက်ပုံ)(ဝ၄ဝ)



# မိုင်းယောင်းမြို့၌ သန့်ရှင်းရေး ဆောင်ရွက်

**မိုင်းယောင်း ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ဧပြီ ၂၅ ရက် နံနက်ပိုင်းက တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ဘုရားဖူးလေ့လာရေးလာရောက်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ညောင်ဦး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလေ့လာရေး လာရောက်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရေး မျက်တော်ပြေဘုရား ပတ်ဝန်းကျင်နှင့် ဗူးဘုရားသွားလမ်းဘေးဝဲ၊ ယာတစ်လျှောက်နှင့်အနီးဝန်းကျင်ဘုရားများတွင် ဧပြီ ၂၅ ရက် နံနက် ၇ နာရီက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မျက်တော်ပြေဘုရား ပတ်ဝန်းကျင်အတွင်း ရွှေစည်းခုံဘုရား၊ ဗူးဘုရားသွားရာ လမ်းဘေးဝဲ၊ ယာတစ်လျှောက်နှင့် ငါးချိန်ခွင်၊ ငါးအူဖောက်ဘုရားပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းပြီးသားပေါင်းမြက်များ၊ သစ်ပင် သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)



# တမူးမြို့တွင် အပူရှောင်စခန်းဖွင့်လှစ်ထား

**တမူး ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်ရှိ ဇမ္ဗူမင်္ဂလာ မီးကွင်းကျောင်းတိုက် ဗိမာန်အောက်ထပ်တွင် သက်ကြီးဘိုးဘွားများ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းကို ဖွင့်လှစ်ထားရှိသည်။

တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် တမူးမြို့နယ်အတွင်း နေထိုင်ကြသည့် သက်ကြီးရွယ်အိုဘိုးဘွားများ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းကို ဖွင့်လှစ်ထားရှိခြင်း ဖြစ်သည်။

တမူးမြို့နယ်တွင် အသက် ၈၀ နှစ် နှင့်အထက် သက်ကြီးရွယ်အို အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၇၅ ဦး၊ စုစုပေါင်း ၁၂၉ ဦး ရှိပြီး အပူဒဏ်ရှောင်သည့် သက်ကြီးရွယ်အိုများအား သက်ဆိုင်ရာ ဌာနများပူးပေါင်း၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားသည်။

အပူရှောင်စခန်း ဖွင့်လှစ်ထားရှိသည့်နေရာသို့ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကို၊ တမူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၃၉၄)

# Royal KK International Company Limited (K Resort) နှင့် ဒါရိုက်တာ ဒေါ်ခင်သီရိစိုး၏ ဂုဏ်သိက္ခာအား ညှိုးနွမ်းစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ပြုမူရေးသားဖြန့်ဝေမှုများနှင့်ပတ်သက်၍ အများသိစေရန် အထူးသတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ပြည်လမ်း၊ အိမ်အမှတ်(၂၇)တွင် ရုံးစိုက်တည်ရှိသော **Royal KK International Company Limited (K Resort , ငွေဆောင်ကမ်းခြေ)**နှင့် အဆိုပါ ကုမ္ပဏီ၏ ဒါရိုက်တာ **ဒေါ်ခင်သီရိစိုး(ဘ)ဦးမောင်မောင်စိုး(၁၂/ကမတ(နိုင်)၀၅၁၂၅၀)**၏ တရားဝင် လွှဲအပ်ချက်အရ အောက်ပါအတိုင်း အတိအလင်း အသိပေး တားမြစ်ကြေညာလိုက်သည်။

၁။ ကျွန်ုပ်၏မိတ်ဆွေသည် ငွေဆောင်ကမ်းခြေရှိ **K Resort** အပါအဝင် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို အစဉ်တစိုက် နှစ်ပေါင်းများစွာ ကောင်းသောအမည်၊ ဂုဏ်သတင်းတို့ဖြင့် တရားဝင် ရပ်တည်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူ ဖြစ်ပါသည်။

၂။ ယခုအခါတွင် အချို့သော မသမာသူများသည် ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများကို ကာယကံရှင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ Facebook , TikTok အစရှိသော လူမှုကွန်ရက် (Social Media) စာမျက်နှာများပေါ်သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ယူဆောင်လွှင့်တင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် အဆိုပါ Text , Video နှင့် Live Content များ၏ မှတ်ချက် (Comment) များတွင် အများပြည်သူ အထင်အမြင် လွဲမှားစေရန်နှင့် ကုမ္ပဏီ၏ လုပ်ငန်းဂုဏ်သိက္ခာကိုပါ ထိခိုက်ကျဆင်းစေရန် ရည်ရွယ်၍ -

- ♦ အခြားသူများကိုပါ ဖိတ်ခေါ်ကာ ဝိုင်းဝန်းတိုက်ခိုက်စေခြင်း (Cyber-Mobbing)
- ♦ ခွင့်ပြုချက်မဲ့ ဝေဖန်ပြစ်တင်ခြင်းနှင့် ရိုင်းစိုင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာခြင်း
- ♦ မိန်းမသားတစ်ဦး၏ ဂုဏ်သိက္ခာကို အလွန်အမင်း ညှိုးနွမ်းစေသော ညစ်ညမ်းစာသားများ ရေးသားခြင်း အစရှိသည့် ဥပဒေမဲ့ လုပ်ရပ်များကို စနစ်တကျ အုပ်စုဖွဲ့ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဤလုပ်ရပ်များသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှု (Privacy) ကို ချိုးဖောက်ရုံသာမက စီးပွားရေးလုပ်ငန်း၏ ပုံရိပ်ကိုပါ ဆိုးရွားစွာ ခြိမ်းခြောက်နေသော အသရေဖျက်မှုများ ဖြစ်ပါသည်။

၃။ ထိုသို့ ဥပဒေမဲ့ ရေးသားဖြန့်ဝေနေသော အောက်ပါ Facebook Account နှင့် Page ပိုင်ရှင်များ အပါအဝင်၊ ၎င်းတို့၏ ပို့စ်များအောက်တွင် တစ်အုပ်တစ်မကြီး အုံလိုက်ကျင်းလိုက် ဝိုင်းဝန်းရေးသား စော်ကားကြသော အကောင့်ပိုင်ရှင်များအားလုံး၏ အချက်အလက်များ၊ IP Address များနှင့် ရေးသားမှုမှတ်တမ်း (Digital Footprints) များကို ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရန်အတွက် Media Litigation လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ Archive ပြုလုပ် သိမ်းဆည်းထားရှိပြီး ဖြစ်ပါသည်-

*(**Shwe Movies Channel** , Ma San, Chan Chan, U Than Aye, Ba Zaw, Aww Kyue, May, Daw Mon Mon San, Thawtar Aye, Eros July, U Thaung Shwe, Kyipya Soemaw, Angelece Theink Theink, Kyawt Kay Khine, Phyu Phyu Thant, အိမ္မွန်, Ma Chaw Chaw, Ayemi Nway Oo, Nway Khaing Phyo, Thazin Htwe, ဖေယျာကိုကို, Tha Linn Kyi, Kyu Kyu Ootomo, Ma Ma Ni, ကို အညာသား ကို အညာသား, Myint Myint Than, Mal Madi, Min Aung, Aye Aye Thaw, လရိပ် လရိပ်, Min M Tun, သမီးလေး, Shwe Bu, Ei Thinzar Phyo, May Aye Yu, Phau Thet New, Tin Moe Wai) နှင့် ၎င်းတို့အောက်တွင် မဟုတ်မမှန် ထောက်ခံရေးသားကြသူများ။*

၄။ သို့ဖြစ်ပါ၍ အထက်ပါ Page နှင့် Account ပိုင်ရှင်များ အပါအဝင် အဆိုပါကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသူများအားလုံးအနေဖြင့် -

- ♦ ယနေ့ ဤကြေညာချက် ထုတ်ပြန်သည့်ရက်မှစ၍ အဆိုပါ ဥပဒေမဲ့ လုပ်ရပ်များကို **(ချက်ချင်း)ရပ်တန့်ရန်**
- ♦ ကူးယူဖော်ပြထားသော၊ ပြန်လည်ဝေမျှထားသော ပို့စ် (Post) များနှင့် ရေးသားထားသော မှတ်ချက် (Comment) များအားလုံးကို **အမြန်ဆုံး ပြန်လည်ဖျက်သိမ်း၍ တရားဝင် ပြန်လည်တောင်းပန်ရန်။**
- ♦ နောက်နောင်တွင် ဤကဲ့သို့သော လုပ်ရပ်မျိုးကို **ထပ်မံမပြုလုပ်ကြရန်** လေးနက်ပြတ်သားစွာ သတိပေးတားမြစ်လိုက်သည်။

၅။ အကယ်၍ ဤတားမြစ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက မူလကျူးလွန်သူများသာမက၊ ပူးပေါင်းပါဝင်သူများ၊ ဆက်နွယ်သူများနှင့် ထပ်ဆင့်ဝေမျှသူများ (Sharers) အားလုံးအပေါ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများဖြစ်သော **ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ ရာဇသတ်ကြီးဥပဒေ** တို့အရ ရာဇဝတ်ကြောင်းအရ ထိရောက်ပြင်းထန်စွာ တရားစွဲဆို အရေးယူသွားမည် ဖြစ်ပါသည်။

ထို့အပြင် ကျွန်ုပ်မိတ်ဆွေနှင့် **Royal KK International Co., Ltd.** ၏ စီးပွားရေးနှင့် ဂုဏ်သိက္ခာထိခိုက်နစ်နာမှု အဝဝအတွက်ပါ **တရားမနစ်နာမှု** အပေါ်တွင် အထွေထွေနစ်နာကြေးနှင့် အထူးလျော်ကြေးများ တွက်ချက်သတ်မှတ်၍ ကျူးလွန်သူများအားလုံးအပေါ် ပူးတွဲ၍ဖြစ်စေ၊ သီးခြားစီဖြစ်စေ (Joint and Several Liability) ဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အတိအလင်း အသိပေး ကြေညာလိုက်သည်။

**ဒေါ်ခင်သီရိစိုး၏ လွှဲအပ်ချက်အရ -**

**လွှဲအပ်ချက်အရ**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၆

| | | | |
|---|---|---|---|
| ချောက် | ၄၃ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၃ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၆၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများနှင့် PDF အမည်ခံပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည်

စာမျက်နှာ ၁၀ သို့ ★



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ အပ်နှံထားသည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။



## အင်္ဂလိပ်အက်ဖ်အေဖလား ဖိုင်နယ်ပွဲအဆင့်သို့ ချဲလ်ဆီးအသင်း တက်ရောက်

လန်ဒန် ဧပြီ ၂၆

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ၁၀ နာရီ ၄၅ မိနစ်က ချဲလ်ဆီးအသင်းနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက လိဒ်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် အန်ဇိုဖာနန်ဒက်ဇ်က သွင်းယူပေးခဲ့သည်။

ချဲလ်ဆီးအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် မေလ ၁၆ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို မည်သည့်အသင်းက ဆွတ်ခူးသွားနိုင်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## စပိန်လာလီဂါပွဲစဉ်(၃၂)တွင် အယ်လ်ချီအသင်းနှင့် အိုဆာဆူနာအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မက်ဒရစ် ဧပြီ ၂၆

စပိန်လာလီဂါပွဲစဉ်(၃၂)တွင် အယ်လ်ချီအသင်းနှင့် အိုဆာဆူနာအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်က အိုဗီဒိုအသင်းနှင့် အယ်လ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်လ်ချီအသင်းက အိုဗီဒိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အယ်လ်ချီအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၆ မိနစ်တွင် ဘီဂါစ်၊ ပွဲချိန် ၁၆ မိနစ်တွင် ဝွန်ဇာလိုဗီလာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက အိုဆာဆူနာအသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိုဆာဆူနာအသင်းက ဆီဗီလာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ယခုပွဲစဉ်တွင် အိုဆာဆူနာအသင်းသည် ဆီဗီလာအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အိုဆာဆူနာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၈၀ မိနစ်တွင် ဂါစီယာ၊ ပွဲချိန် (၉၀+၉) မိနစ်တွင် ကာတီနာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

စပိန်လာလီဂါပွဲစဉ်(၃၂)ယှဉ်ပြိုင်ကစားအပြီးတွင် အိုဆာဆူနာအသင်းက ရမှတ် ၄၂မှတ်ဖြင့် အဆင့်(၉)နေရာ၊ အယ်လ်ချီအသင်းက ရမှတ် ၃၈မှတ်ဖြင့် အဆင့်(၁၃)နေရာတို့တွင် ရပ်တည်ခဲ့သည်။

နိုင်ကမ္ဘာ